# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

## (၂၁) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်

## (၂၀၁၄ ခုနှစ်၊ မတ်လ ၅ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ⊞ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၁၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၃.၇၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၅-၃-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအား တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၁၁ ဦးရှိပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၁၁၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၇၅ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၃၆ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၃ ရက်၊

(၂) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၃) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ခွင့် ၁ ရက်၊

(၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၃ ရက်၊

(၅) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၃ ရက်၊

(၆) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၁ ရက်၊

(၇) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ ခွင့် ၁ ရက်၊

(၈) အိမ်မဲမဲဆန္ဒနယ်မှ ဦးစောဂျိမ်း ခွင့် ၁ ရက်၊

(၉) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ခွင့် ၂ ရက်၊

(၁၀) ကျုံပျော်မဲဆန္ဒနယ်မှ ဒေါက်တာစိုးသူရ ခွင့် ၂ ရက်၊

(၁၁) ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး ခွင့် ၂ ရက်၊

(၁၂) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၂ ရက်၊

(၁၃) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၁၄) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၃ ရက်၊

(၁၅) မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း ခွင့် ၁ ရက်၊

(၁၆) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ရှခေါင်လွင် ခွင့် ၃ ရက်၊

(၁၇) ဗိုလ်မှူးချုပ်သန်းထွတ်သိန်း တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊

(၁၈) ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း ခွင့် ၁ ရက်၊

(၁၉) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၁ ရက်၊

(၂၀) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၁ ရက်၊

(၂၁) ကွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့် ခွင့် ၁ ရက်၊

(၂၂) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၁ ရက်၊

(၂၃) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၁ ရက်၊

(၂၄) ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်(ခ)ဦးဖြူ ခွင့် ၂ ရက်၊

(၂၅) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၅ ရက်၊

(၂၆) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၅ ရက်၊

(၂၇) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၃ ရက်၊

(၂၈) ပေါင်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၂၉) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၂ ရက်၊

(၃၀) လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၂ ရက်၊

(၃၁) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်သိန်း ခွင့် ၃ ရက်၊

(၃၂) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၃ ရက်၊

(၃၃) မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ ခွင့် ၁ ရက်၊

(၃၄) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၁ ရက်၊

(၃၅) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်တန်(ခ)ဦးခမိုင်မုံကွမ် ခွင့် ၂ ရက်၊

(၃၆) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၁၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တွင် အဖွဲ့ဝင်များ ထပ်မံထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဒေါ်တင်ဖုန်းနွယ်၊ စာကြည့်တိုက်မှူး(ငြိမ်း) တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ ဦးဘိုဝင်း၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဒေါ်သင်းခိုင်၊ ညွှန်ကြားရေးမှူး (ငြိမ်း) ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့အား ကော်မရှင်အဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းလိုက်ကြောင်း အသိပေးကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကယားပြည်နယ်အစိုးရမှ ခွင့်ပြုထားခဲ့သော ကျပ်သန်း ၂၀၀၀ မှာ ဘတ်ဂျက်ဥပဒေနှင့် ညီညွတ်ခြင်းရှိ/မရှိနှင့် သံလွင်တံတား(ဖာဆောင်း)သည် မူလခန့်မှန်းခြေတန်ဖိုး ကျပ်သန်း ၃၀၀၀ သာရှိ၍ ပြီးဆုံးချိန်၌ စုစုပေါင်းခန့်မှန်းကုန်ကျငွေ မည်မျှရှိ၍ မည်သည့်အချိန်တွင် ပြီးဆုံးမည်ကို သိလိုသည်တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ခိုင်ဝင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခိုင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ပတ်သက်တဲ့ မေးခွန်းများကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကယားပြည်နယ်၊ ဖာဆောင်းမြို့နယ်ရှိ သံလွင်တံတား(ဖာဆောင်း)သည် စီမံကိန်း၏ခန့်မှန်းခြေတန်ဖိုး သန်း ၃၀၀၀ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် Supplementary ခွင့်ပြုရန်ပုံငွေမှာ ကျပ်သန်း ၂၀၀ ဖြင့် စတင်

ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် BE မှာ နောက်ထပ်ကျပ်သန်း ၁၀၀၀ ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုခွင့်ပြုခဲ့တဲ့အပြင် ကယားပြည်နယ်အစိုးရ ရန်ပုံငွေကနေ ကျပ်သန်း ၂၀၀၀ ဖြင့်လည်းကောင်း၊ ယနေ့အထိ ခွင့်ပြုငွေစုစုပေါင်း ကျပ်သန်းပေါင်း ၃၂၀၀ ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထား ချက်မူကြမ်းစာအုပ်ပါ စာမျက်နှာ ၂၆၆ မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ထပ်မံလျာထားငွေဟာ အဲ့ဒီသံလွင် တံတားအတွက် ကျပ်သန်း ၃၀၀၀ ဆိုတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် ကယားပြည်နယ်အစိုးရမှ ခွင့်ပြုပေးခဲ့သော ကျပ်သန်း ၂၀၀၀ ဟာ လွှတ်တော်သို့ တင်ပြအတည်ပြုခြင်းမရှိဘဲ နိုင်ငံတော်စီမံကိန်းကြီးတစ်ခုဆောင်ရွက်နေခြင်းမှာ ဘတ်ဂျက်ဥပဒေနှင့် ညီညွတ်မှုရှိ/မရှိ၊ သံလွင်တံတား(ဖာဆောင်း)ဟာ မူလခန့်မှန်းခြေတန်ဖိုး ကျပ်သန်း ၃၀၀၀ သာရှိပြီး တော့ ပြီးဆုံးချိန်မှာ စုစုပေါင်းခန့်မှန်းကုန်ကျငွေ မည်မျှရှိပါသလဲ။ မည်သည့်အချိန်ကာလမှာ ပြီးဆုံးမှာ ပါသလဲဆိုတာကိုသိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒ နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခိုင်ဝင်းမှမေးမြန်းထားတဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်တွင် ကယားပြည်နယ်အစိုးရမှခွင့်ပြုပေးခဲ့သော ကျပ်သန်း ၂၀၀၀ မှာ ဘတ်ဂျက်ဥပဒေနှင့် ညီညွတ် ခြင်းရှိ/မရှိနှင့် သံလွင်တံတား(ဖာဆောင်း)သည် မူလခန့်မှန်းခြေတန်ဖိုး ကျပ်သန်း ၃၀၀၀ သာရှိ၍ ပြီးဆုံးချိန်၌ စုစုပေါင်းခန့်မှန်းကုန်ကျငွေမည်မျှရှိပါကြောင်း၊ မည်သည့်အချိန်ကာလတွင်ပြီးဆုံးရန် လျာထားထားပါကြောင်း သိရှိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်၊ ဖာဆောင်းမြို့မှာရှိတဲ့ သံလွင်တံတား(ဖာဆောင်း) ဟာ ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ပေါ်မှာတည်ရှိတာကြောင့်

တံတားဆောက်လုပ်ရန် ကယားပြည်နယ်အစိုးရမှတင်ပြချက်အရ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြတောင်းခံခဲ့ရာ ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀၀ ရရှိပြီး အကြိုအင်ဂျင်နီယာလုပ်ငန်းများဖြစ်သော တံတားအူကြောင်းတိုင်းတာရွေးချယ်ခြင်း၊ ရေစမ်းသပ်ခြင်း၊ တံတားပုံစံထုတ်ခြင်း၊ ရုံး၊ ဂိုထောင် စသောအဆောက်အအုံဆောက်လုပ်ခြင်းများကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှာစတင်ပြီး ဆောင်ရွက်ခဲ့ပါတယ်ခင်ဗျား။ တံတားကြီးများတည်ဆောက်ရာမှာ အဆင့်ဆင့်ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်များကတော့ အခြေခံအားဖြင့် အချက်ငါးချက်ရှိပါတယ်။ အဲ့ဒါတွေကတော့

(၁) တံတားအူကြောင်း၊ မြစ်၏ ဖြတ်ပိုင်းပုံတို့ကို အသေးစိတ်တိုင်းတာခြင်း။

(၂) တည်ဆောက်မည့်တံတားအရှည်၊ ခန်းဖွင့်များပုံစံကိုရေးဆွဲ၍ အတည်ပြုချက်ရယူခြင်း။

(၃) မြေစမ်းသပ်ခြင်းများလည်း ဆောင်ရွက်ရပါတယ်။

(၄) မြေစမ်းသပ်ခြင်းဆောင်ရွက်ပြီးမှသာ တံတားအုတ်မြစ် (Foundation)၊ တံတားအောက်ထည် (Substructure)၊ တံတားအပေါ်ထည် (Superstructure) တို့ကို အသေးစိတ်ပုံစံထုတ်ရပါတယ်။

(၅) အသေးစိတ် Design ပုံစံများထုတ်ပြီးမှသာ တံတား၏စီမံကိန်းတန်ဖိုးအား အသေးစိတ်ခန့်မှန်းခြေစာရင်းနှင့် တွက်ချက်ရတာဖြစ်ပါတယ်။

သို့သော်လည်းပဲ သံလွင်တံတား(ဖာဆောင်း)အား ဒေသရဲ့လိုအပ်ချက်အရ စီမံကိန်းအမြန်စတင်ဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ် Design ပုံစံများ မဆောင်ရွက်မီ တံတားအရှည်ကိုမြစ်အကျယ်အတိုင်း ၁၀၀၀ ပေလျာထား၍ အုတ်မြစ်နဲ့ အောက်ထည်လုပ်ငန်းများအတွက် ခန့်မှန်းတွက်ချက်ပြီး စီမံကိန်းတန်ဖိုးကို ကျပ်သန်း ၃၀၀၀ လျာထားတင်ပြခဲ့ပါတယ်။ ထို့အပြင် တံတားသံပေါင်များကိုလည်းပဲ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ Exim Bank ချေးငွေဖြင့် ဝယ်ယူရန်အတွက် အမေရိကန်ဒေါ်လာ ၂.၅ သန်း (ပြည်တွင်းသုံးငွေကျပ် ၂၄၃၀ သန်း) အား စက်ပစ္စည်းရန်ပုံငွေတွင်တင်ပြထားခဲ့ပါတယ်။ သို့ဖြစ်ပါ၍ တံတားတည်ဆောက်ရေးအတွက် ကျပ်သန်း ၃၀၀၀ နှင့် တံတားသံပေါင်ဖိုး ကျပ်သန်း ၂၄၃၀ ပေါင်း၍ စီမံကိန်းတန်ဖိုးအား ၅၄၃၀ သန်းဖြင့် ခန့်မှန်းခဲ့တာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင်

မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်မည့်ကျပ်သန်း ၃၀၀၀ ကိုသာ စီမံကိန်းတန်ဖိုးအဖြစ် ဖော်ပြခဲ့တာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာတော့ တရုတ်နိုင်ငံ Exim Bank ချေးငွေရယူခြင်းမရှိတော့ပါသဖြင့် တံတားသံပေါင်များ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းတို့ကို ပြည်တွင်းသုံးငွေကျပ်ဖြင့်သာ ဝယ်ယူဆောင်ရွက်ရန်အစီအစဉ် ပြောင်းလဲခဲ့တာကြောင့် သံလွင်တံတား (ဖာဆောင်း)ရဲ့ စီမံကိန်းတန်ဖိုးကျပ်ဟာ ၇၁၉၄ သန်းသို့ ပြောင်းလဲရခြင်းမှာ အောက်ပါအချက်များ ကြောင့်ဖြစ်ပါတယ်။ အဲ့ဒါတွေကတော့-

(က) မူလတံတားအရှည် ပေ ၁၀၀၀ ဖြင့် စီမံကိန်းတန်ဖိုးအား ခန့်မှန်းတင်ပြခဲ့ခြင်းဖြစ်ပြီး အသေးစိတ်တိုင်းတာခြင်း၊ တံတားပုံစံထုတ်ခြင်းဆောင်ရွက်ပြီးချိန်မှာ တံတားအရှည်ဟာ ၁၂၆၀ ပေသို့ ပြောင်းလဲခဲ့တာဖြစ်ပါတယ်။

(ခ) သံလွင်တံတား(ဖာဆောင်း)ရဲ့ မြစ်ကြမ်းပြင်မြေအား စမ်းသပ်မှုများအရ ကျောက်လွှာများထူထပ်စွာတွေ့ရှိရတဲ့အတွက် တံတားတိုင်များအား သတ်မှတ်အနက်ရရှိအောင် ခက်ခဲစွာ အချိန်ယူ၍ ဆောင်ရွက်ရသဖြင့် တံတားတိုင် ဘိုးပိုင်အုတ်မြစ်လုပ်ငန်းများမှာ မူလ ခန့်မှန်းခြေထက် ပိုမိုကုန်ကျရခြင်းဖြစ်ပါတယ်။

(ဂ) တံတားတည်ဆောက်ရေး စက်ယန္တရားကြီးများ Floating Tank များအပါအဝင် တည်ဆောက်ရေးပစ္စည်းများအား အခြားလုပ်ငန်းခွင်အသီးသီးမှ ဝေးလံစွာ အဆင့်ဆင့် သယ်ယူရခြင်း စသည်တို့ကြောင့် စီမံကိန်းတန်ဖိုးပြောင်းလဲရခြင်း ဖြစ်ပါတယ်။

သံလွင်တံတား(ဖာဆောင်း) တည်ဆောက်ရေးလုပ်ငန်းအတွက် ရရှိပြီးရန်ပုံငွေများမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေ ကျပ်သန်း ၂၀၀၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း ၁၀၀၀၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း ၂၀၀၀ စုစုပေါင်း ကျပ်သန်း ၃၂၀၀ ဖြစ်ပါတယ်။ သံလွင်တံတား(ဖာဆောင်း)ကို ပြည်ထောင်စုရန်ပုံငွေဖြင့် စတင်ဆောက်လုပ်ခဲ့သော်လည်း ဆောလျင်စွာပြီးစီးနိုင်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ကယားပြည်နယ်အစိုးရ ငွေလုံးငွေရင်းရန်ပုံငွေမှ ပေါင်းစပ်ထည့်ဝင်ပေးခဲ့ခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တင်ပြမည်ဆိုပါက နိုင်ငံတော်ရဲ့ဘဏ္ဍာငွေကို ပေါင်းစပ်အသုံးပြုခြင်းဖြစ်ပါတယ်။ အဆိုပါရန်ပုံငွေမှာလည်း ပြည်နယ်အစိုးရမှ ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူခဲ့ပြီး

ပြည်ထောင်စုအစိုးရရဲ့ ဘဏ္ဍာရေးကော်မရှင်မှတစ်ဆင့် ကယားပြည်နယ်အစိုးရရဲ့ အရအသုံးစာရင်းအား ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ ခွင့်ပြုချက်ရယူထားခြင်းဖြစ်ပါသဖြင့် ဘတ်ဂျက်ဥပဒေနှင့် ညီညွတ်မှုရှိပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သံလွင်တံတား(ဖာဆောင်း) စီမံကိန်းတည်ဆောက်ပြီးချိန်မှာ ကုန်ကျမည့်စုစုပေါင်း စီမံကိန်းတန်ဖိုးမှာ ကျပ်သန်း ၇၁၉၄ ခန့် ခန့်မှန်းထားပါကြောင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ကျပ်သန်း ၃၀၀၀ တင်ပြထားပြီး ကျန်သောလိုငွေ ၉၉၄ သန်းအား ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြတောင်းခံ၍ ၂၀၁၅ ခုနှစ် မတ်လအတွင်းပြီးစီးရန် ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဦးကျော်ခိုင်ဝင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်ဆင့်မေးခွန်းကို မေးမြန်းလိုပါတယ်။ ကျွန်တော်တို့ စောစောတုန်းက ဆောက်လုပ်ရေး ဒုတိယဝန်ကြီးဖြေသွားတဲ့အထဲမှာ နိုင်ငံတော်ပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်မှာ တရုတ်နိုင်ငံက Exim Bank ချေးငွေနဲ့ အမေရိကန်ဒေါ်လာ ၂.၅ သန်း ချေးယူမယ်ဆိုပြီးတော့ လျာထားတဲ့အတွက်ကြောင့် မူလစီမံကိန်းမှာ ကျပ်သန်း ၃၀၀၀ သာဖော်ပြခြင်းဖြစ်ပါကြောင်း ဖြေကြားသွားတာရှိပါတယ်။ အဲ့ဒီနိုင်ငံခြားချေးငွေနဲ့ယူမယ့် အမေရိကန်ဒေါ်လာသန်းပေါင်း ဘယ်လောက်ဆိုတဲ့ဟာကို ကျွန်တော်တို့ နဂို ၂၀၁၂-၂၀၁၃ ရင်းနှီးမြှုပ်နှံမှုအခန်းမှာ ဖော်ပြထားခြင်းမရှိပါဘူး။ နောက်တစ်ချက်အနေနဲ့ ကျွန်တော်တို့ သံလွင်တံတား(ဖာဆောင်း)ဟာ အလျားပေ ၁၂၆၀ ပေရှိတယ်လို့ဆိုပါတယ်။ ဒါဆိုရင် ပြည်ထောင်စုအစိုးရက သာ ကြီးကြပ်စီမံခန့်ခွဲပိုင်ခွင့်ရှိတယ်လို့ထင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ဇယား ၁ အပိုဒ် ၈(ဌ)အရ ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ Supplement မှာ သန်း ၂၀၀ ကိုလွှတ်တော်က အတည်ပြုပြီးမှသုံးစွဲခဲ့ပေမယ့် ၂၀၁၃-၂၀၁၄ အပြီးမှာ ဒီလွှတ်တော်ကိုတင်လာတဲ့ သန်း ၁၀၀၀ ဟာ ဘာမှဝေဖန်ထောက်ပြစရာမရှိပါဘူးခင်ဗျား။ ဒါပေမယ့် ပြည်နယ်အစိုးရကနေ ရန်ပုံငွေကိုလှည့်တောင်းတဲ့ကျပ်သန်း ၂၀၀၀ ဟာ ဖွဲ့စည်းပုံခြေခံဥပဒေနှင့် ညီညွတ်မှုရှိပါသလားဆိုတာကို ထပ်ဆင့်သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးကျော်ခိုင်ဝင်း အခုလိုထပ်မံပြီးတော့ မေးခွန်းမေးပေးတဲ့အတွက် ကျွန်တော် အထူးကျေးဇူးတင်ပါတယ်။ အဲ့ဒီတော့ ဒီမှာ ပထမမေးခွန်းဖြစ်တဲ့ Exim Bank ကနေပြီးတော့ ကျွန်တော်တို့

အမေရိကန်ဒေါ်လာ ၂.၅ သန်းဆိုတဲ့ငွေဟာ ကျွန်တော်တို့နိုင်ငံခြားချေးငွေထဲမှာပါသွားတဲ့အတွက် ကျွန်တော်တို့ဟာ မူလမှာ ထည့်သွင်းထားခြင်းမရှိပါဘူး။ ဒါကိုလည်းပဲ ကျွန်တော်တို့က ဘယ်မှာသွား ထည့်သလဲဆိုတော့ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေမှာမထည့်ဘဲနဲ့ စက်ပစ္စည်းနဲ့ အရံပစ္စည်းများ အသုံးစရိတ်ဆိုတဲ့ခေါင်းစဉ်အောက်မှာ ကျွန်တော်တို့ ထည့်ထားတယ်ဆိုတာကို ပထမအချက်အနေနဲ့ ကျွန်တော်တို့ ရှင်းလင်းတင်ပြလိုပါတယ်။ ဒုတိယအချက်ဖြစ်တဲ့ ကိုယ်စားလှယ်တော်ကြီးမေးမြန်းသွား တဲ့ ရန်ပုံငွေများကိစ္စနဲ့ပတ်သက်လို့တော့ ကျွန်တော်တို့ဝန်ကြီးဌာနဟာ အခြားဝန်ကြီးဌာနတွေနဲ့မတူဘဲ ထူးခြားကွဲပြားတဲ့ကိစ္စရပ်တွေရှိပါတယ်။ အဲ့ဒါကတော့ ဘာလဲဆိုရင် ကျွန်တော်တို့ဆောင်ရွက်နေတဲ့ လမ်း၊ တံတားလုပ်ငန်းများနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေ ကို ၂၀၁၁ ခုနှစ် ကျွန်တော်တို့ အစိုးရစတက်လာစဉ်ကတည်းက ခွဲခြားထားတာဖြစ်ပါတယ်။ ဥပမာ အားဖြင့်တင်ပြရင် ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ လမ်းမိုင်ပေါင်း ၉၃၃၂၃ မိုင်ရှိတဲ့အနက်က ကျွန်တော်တို့ ဆောင်ရွက်နေတာဟာ လမ်းမိုင်ပေါင်း ၂၄၆၄၈ မိုင် ကျွန်တော်တို့ ဆောင်ရွက်တာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးရဲ့ ၂၆ ရာခိုင်နှုန်းကို ကျွန်တော်တို့ဆောင်ရွက်တာဖြစ်ပါတယ်။ အဲ့ဒီ ၂၆ ရာခိုင်နှုန်းထဲမှာ ပင်လျှင် ကျွန်တော်တို့က ၂၀၁၁ ခုနှစ်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ၂၅ ရာခိုင်နှုန်း၊ ကျွန်တော် တို့ ပြည်ထောင်စုဝန်ကြီးဌာနက ၇၅ ရာခိုင်နှုန်း၊ ၂၀၁၂-၂၀၁၃ မှာ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကို ၃၅ ရာခိုင်နှုန်း၊ ကျွန်တော်တို့က ၆၅ ရာခိုင်နှုန်း၊ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာဆိုရင် ကျွန်တော် တို့ က ၅၂ ရာခိုင်နှုန်းနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ၄၈ ရာခိုင်နှုန်းဆိုပြီးတော့ ကျွန်တော်တို့ ဒီလို ခွဲဝေပေးထားတာဖြစ်ပါတယ်။ ထို့အတူပဲ လမ်းတွေကိုခွဲပေးသလို လမ်းပေါ်မှာရှိတဲ့တံတားများကို လည်း သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကပဲ ဒါကိုတောင်းခံပြီးတော့ ဆောင်ရွက်ဖို့ ဆိုပြီးတော့ ရန်ပုံငွေကို ကျွန်တော်တို့ အခုလိုခွဲခြားပြီးတော့ တင်ပြတောင်းခံခဲ့တာရှိပါတယ်။ ဒါကြောင့် မို့လို့ ဒီမှာ ပြည်သူ့လွှတ်တော်မှာ မကြာမကြာ လွှတ်တော်ကိုယ်စားလှယ်ကြီးများတင်ပြနေတဲ့ ကျွန်တော်တို့ ကတိကဝတ်ပေးထားပြီးတော့ ဒီဟာတွေဟာ ရန်ပုံငွေပါလာခြင်းမရှိပါဘူးလို့ တင်ပြချက် တွေ၊ ကိစ္စတွေတော်တော်များများဟာလည်း အမှန်တကယ်တော့ ကျွန်တော်တို့က တိုင်းဒေသကြီးလမ်း အဖြစ်၊ တံတားအဖြစ်ခွဲပေးလိုက်တဲ့အခါမှာ အဲ့ဒီအထဲကိုပါသွားတာကြောင့်ဖြစ်ပါတယ်။ ဒါကြောင့်မို့ လို့ သူတို့ဘက်က ခွဲဝေရရှိတဲ့ရန်ပုံငွေကို ကျွန်တော်တို့ကလည်းပဲ တိုင်းဒေသကြီးကအဆင့်ဆင့် တိုင်းဒေသကြီးလွှတ်တော်ပြီးရင် နိုင်ငံတော်အစိုးရဘဏ္ဍာရေးကော်မရှင်ပြီးတော့မှ ပြည်ထောင်စု လွှတ်တော်ကိုတင်ပြပြီးမှ ဆောင်ရွက်တာဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ တံတားကြီးအမြန်

ဆုံးပြီးပြီးတော့ ကုန်သွယ်မှုလည်းချောမွေ့အောင်၊ ပြည်နယ်အတွင်းမှာလည်း သွားလာရေးလွယ်ကူအောင်ဆိုပြီးတဲ့ရည်ရွယ်ချက်များနဲ့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ပျော်ဘွယ်မြို့တွင် အာဆီယံ/အာရှ လမ်းမကြီးကို နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ တင်ပြချက်အပေါ် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကိုသိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကိုပြည်သူ့ဆန္ဒအလေးထား၍ မေးမြန်းခွင့်ပေးပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအား အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာပထမ ပြောကြားလိုပါတယ်ခင်ဗျား။ ဒီမေးခွန်းဟာ ပြည်သူများရဲ့ ဆန္ဒအစစ်အမှန်ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းအကျယ် ပေ ၃၀၀ သတ်မှတ်ပြီး နေအိမ်ခြံဝင်းများ၊ အဆောက်အအုံများ၊ လမ်းဘေးမှာရှိတဲ့ နေအိမ်၊ ခြံဝင်းအဆောက်အအုံများကို ကျူးကျော်ဟု သတ်မှတ်ကာ ဖယ်ရှားခိုင်းလာပါသဖြင့် ကျွန်တော်၏ မဲဆန္ဒနယ်ပြည်သူများမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး နယ်မြေဆင်း၍ ပြည်သူများရဲ့ အခက်အခဲကို ခံစားချက်များကို နားထောင်ပြီးတော့လွှတ်တော်မှတစ်ဆင့် နိုင်ငံတော်အကြီးအကဲများ သိရှိပြီးတော့ ဖြေရှင်းပေးနိုင်ပါရန် တင်ပြပေးဖို့တောင်းဆိုလာတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ပြည်သူလူထုများနဲ့ မင်းလမ်း၊ ကင်းတောင်း၊ ညောင်လွယ်၊ စတောင်၊ ယင်းတော်၊ ရွာမမြို့မမှာရှိတဲ့ ပြည်သူများနဲ့ ငါးနေရာမှာ တွေ့ဆုံပြီးတော့မှ ပြည်သူများရဲ့ ခံစားတင်ပြချက်များကို နားထောင်ခဲ့ပါတယ်။ ပြည်သူလူထုမှာ ၎င်းတို့၏ လမ်းဘေးဝဲယာမှာနေထိုင်ခဲ့တာဟာ ကြာပြီဖြစ်တဲ့အကြောင်း၊ ယခုစာရောက်လာတဲ့အတွက်ကြောင့် အိပ်လို့မရကြောင်း၊ လွန်စွာစိတ်ဆင်းရဲပြီးတော့ စိတ်ထိခိုက်ခံစားနေရပါကြောင်း၊ ၎င်းတို့ထံပေးပို့လာသည့်စာတွင်လည်း တာဝန်ရှိသူရဲ့ လက်မှတ်လည်းထိုးထားခြင်းမရှိပါကြောင်း၊ အလွတ်သဘောမျိုး

အကြောင်းကြားထားသည့်စာဖြစ်နေပါကြောင်း၊ ယခင်ကတည်းက ပေ ၁၀၀ လမ်းမဟုသာခေါ်ခဲ့ကြပါကြောင်း၊ အခုပေါ်ပေါက်လာတဲ့ အာဆီယံ/အာရှလမ်းမကြီးက ပေ ၃၀၀ လို့သတ်မှတ်ပြီးတော့ ၎င်းတို့ကို ကျူးကျော်လို့သုံးနှုန်းခြင်းဟာ မသင့်မြတ်ပါကြောင်း၊ အမျိုးမျိုးသော တင်ပြချက်များရှိလာပါသဖြင့် ကျွန်တော့်အနေဖြင့် ပြည်သူ့ကိုယ်စားလှယ်များရဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးသည် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို အလွန်အလေးထားပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးသည်လည်း ပြည်သူ့ကိုယ်စားလှယ်ဖြစ်ခဲ့ပါကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ်ပေးလိုက်ပြီးဖြစ်၍ ပြည်သူများရဲ့ အခက်အခဲ၊ အကြပ်အတည်းများကို ကိုယ်ချင်းစာ စဉ်းစားပေးလိမ့်မည်ဖြစ်ပါကြောင်း ပြည်သူများကို ရှင်းလင်းတင်ပြခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ အစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ နိုင်ငံတကာစာချုပ်စည်းကမ်းများအရ လမ်းကိုအဆင့်မြှင့်တဲ့အခါမှာ အာဆီယံ/အာရှလမ်းကို အဆင့်မြှင့်လို့ ယခုလိုလမ်းဇရိယာကို တိုးချဲ့သတ်မှတ်ခြင်းဖြစ်နိုင်ပါကြောင်း၊ ပြည်သူများကို ရှင်းလင်းတင်ပြတဲ့အခါမှာ ပြည်သူများမှ ၎င်းတို့ဟာ ရှေးယခင်တည်းက နေထိုင်လာခဲ့ကြခြင်းဖြစ်၍ အာဆီယံ/အာရှ AH1 လမ်းကို ယနေ့လူများနေထိုင်တဲ့ နေအိမ်ခြံဝင်းများကို ရှောင်ကွင်းပြီးတော့မှ ယခု ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမသစ်ကြီးလို သီးခြားဖောက်လုပ်သင့်ကြောင်း ဒါမှမဟုတ် ယခင်အတိုင်း လူနေအိမ်ခြေနေရာများတွင် စုစုပေါင်းလမ်းအကျယ် ပေ ၁၀၀ သာ သတ်မှတ်သင့်ကြောင်း ပြောဆိုကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလမ်းအကျယ်တစ်ဖက်ကို ၁၁၅ ပေဟုသတ်မှတ်ပြီး လမ်းအလယ်ကနေပြီး ၁၁၅ ပေလို့သတ်မှတ်ပြီးမှ ပေ ၂၃၀ အကျယ် နယ်နိမိတ်ကျောက်တိုင်များ စိုက်ထူရန်ညွှန်ကြားထားကြောင်း သိရှိရပါတယ်။ ပြည်သူများမှ ထိတ်လန့်နေကြပါတယ်။ ယခု လမ်းမကြီးဥပဒေကြမ်းကိုလည်း လွှတ်တော်မှာ တင်ပြလာပြီဖြစ်ပါတယ်။ ပြည်သူများအနေနဲ့ ယင်းဥပဒေကြမ်းပါအတိုင်းဆိုရင်တော့ တရားစွဲဆိုခံရပြီး ထောင်ဒဏ်များ ကျခံရမယ့်အနေအထားတွေရှိနေပါတယ်။ ဒါ့ကြောင့် လမ်းမကြီးဥပဒေကို ပြည်သူ့ဆန္ဒအလေးထားပြီး စဉ်းစားပြဋ္ဌာန်းပေးပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုလည်း တိုက်တွန်းအပ်ပါတယ်ခင်ဗျား။ ဒီကနေ့ ကျွန်တော်မေးမြန်းတဲ့ မေးခွန်းရဲ့ အဖြေကိုလည်း ပြည်သူများကရင်တမမနဲ့ ကျွန်တော်တို့ Sky net Channel ကနေ စောင့်ကြည့်နေမယ့် အကြောင်းကိုလည်း ကျွန်တော့်ကို ပြောပါတယ်။ ဒါ့ကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ ပျော်ဘွယ်မြို့တွင် အာဆီယံ/အာရှလမ်းမကြီး AH1 လမ်းမကြီး ဖြတ်သန်းသွားရာ လမ်းဘေးဝဲယာတစ်လျှောက် ကျေးရွာများရှိ လူနေအိမ်ခြေများဟာ

လမ်းအကျယ် ပေ ၃၀၀ ဟု သတ်မှတ်သဖြင့် ယခုယခင်နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော လူနေအိမ်ခြံဝင်းများ အဆောက်အအုံများကို ကျူးကျော်ဟုသတ်မှတ်ပြီး ဖယ်ရှားရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အကြောင်းကြားလာ၍ ပြည်သူလူထုမှ အခက်အခဲများစွာကြုံတွေ့နေရပါတယ်။ အာဆီယံ/အာရှလမ်းမကြီး AH1 သည် ယခုမှ ပေါ်ပေါက်လာပြီး လမ်းအကျယ် ပေ ၃၀၀ ဟုသတ်မှတ်ကာ ပြည်သူများကို ကျူးကျော်ဟုသတ်မှတ်ခြင်း သည် တရားမျှတခြင်းမရှိပါကြောင်း၊ ယခင်ကတည်းက ပေ ၁၀၀ လမ်းမဟု ပြည်သူများက ခေါ်ဝေါ်သတ်မှတ်ခဲ့ကြကြောင်း၊ ယခုလက်ရှိနေထိုင်သူများသည် ရှေးယခင်ကတည်းက နေထိုင်ခဲ့ကြခြင်း၊ လမ်းဘေးဝဲယာရှိ စိုက်ပျိုးနေသည့် လယ်ယာမြေများသည်လည်း ယခင်ကတည်းက လုပ်ကိုင်ခဲ့ကြခြင်း၊ လယ်ယာမြေလုပ်ကိုင်မှု လက်မှတ်များကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တရားဝင်ထုတ်ပေးထားခြင်းများရှိပါကြောင်း တင်ပြလာပါသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် အာဆီယံ/အာရှလမ်းမကြီးကို ယခု ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမသစ်ကြီးကဲ့သို့ လူနေမြို့/ရွာများကို ရှောင်ကွင်း၍ ဖောက်လုပ်သင့်ကြောင်း သို့မဟုတ် လက်ရှိလမ်းမအကျယ်အတိုင်းသာ ထားရှိသတ်မှတ်သင့်ကြောင်း တင်ပြလာပါသဖြင့် နိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏တင်ပြချက်အပေါ် မည်ကဲ့သို့ ပေးမည်ဖြစ်ကြောင်း သိရှိလိုပါသဖြင့် ပြည်သူ့ဆန္ဒ အလေးထားမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်စိုးမှ မေးမြန်းထားတဲ့ ပျော်ဘွယ်မြို့တွင် အာဆီယံ/အာရှလမ်းမကြီး AH1 လမ်းမကြီးကို ယခု ရန်ကုန်-မန္တလေးအဝေးပြေး လမ်းမသစ်ကဲ့သို့ လူနေမြို့/ရွာများကို ရှောင်ကွင်း၍ ဖောက်လုပ်သင့်ကြောင်း သို့မဟုတ် လက်ရှိလမ်းမအကျယ်အတိုင်းသာ ထားရှိသတ်မှတ်သင့်ကြောင်း နိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် ပြည်သူများ၏ တင်ပြချက်အပေါ် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်စိုး မေးမြန်းတဲ့ မေးခွန်းတွေဟာ ကျွန်တော်တို့ အမှန်တကယ် အောက်ခြေမှာ ကွင်းဆင်းပြီးတော့ ဆောင်ရွက်တဲ့အခါ မှာလည်း ပြည်သူများတကယ်ခံစားနေရပြီးတော့ ဒီမေးခွန်းတွေကို မေးမြန်းခဲ့တာဖြစ်တဲ့အတွက် ကျွန်တော်တို့လည်း ကျွန်တော်တို့ကို မေးမြန်းတဲ့ပုဂ္ဂိုလ်များကို ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ဒီမှာတော့ ကျွန်တော်တို့အနေနဲ့ ထပ်မံပြီးတော့ အသေးစိတ်ပြန်လည်ရှင်းလင်းတင်ပြရရင် မန္တလေးတိုင်းဒေသ ကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်အတွင်းမှာရှိတဲ့ ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေးလမ်းဟာ အာဆီယံ/အာရှလမ်းမကြီး AH1 မှာ ပါဝင်တာ ဖြစ်ပါတယ်။ အဲ့ဒီအပိုင်းကို ယုဇနဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်သို့ ၁-၁၀-၂၀၀၂ ခုနှစ်ကတည်းက စတင်ပြီးတော့ BOT စနစ်နဲ့ ဆောင်ရွက်ခွင့်ပြုခဲ့ ပါတယ်။ ယခုအခါမှာ ယုဇနဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ပျော်ဘွယ်မြို့အတွင်းမှလည်း လမ်း ကို ၄၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိပြီးတော့ ကျန်လမ်းအပိုင်း များကိုလည်း ၄၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ ဒါက လည်းပဲ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ ADD အရ စံနှုန်းတွေ၊ ခရီးသွားလာတဲ့ မော်တော်ကားအရေ အတွက်တွေ မြင့်တက်လာတဲ့အတွက် လမ်းကိုချဲ့ထွင်ပေးရခြင်း ဖြစ်ပါတယ်။ အာဆီယံ/အာရှလမ်းမ ကြီးများကို မူလက လမ်းနယ်နိမိတ်ကို ၃၀၀ ပေ သတ်မှတ်ခဲ့သော်လည်း တိုင်းဒေသကြီး/ ပြည်နယ်အတွင်းမှာရှိတဲ့ လမ်းနယ်နိမိတ်များကိုတော့ ASIAN, ASEAN & GMS လမ်းအဆင့်အတန်း များနှင့်အညီ သတ်မှတ်ဆောင်ရွက်မှာဖြစ်တဲ့အတွက် အာဆီယံ/အာရှ လမ်းမကြီးများရဲ့ လမ်းနယ်နိ မိတ်ကို ၂၃၀ ပေ (၇၀ မီတာ) သတ်မှတ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီမှ တစ်ဆင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၄) မှ သဘောတူ အတည်ပြုသတ်မှတ်ခဲ့ပါတယ်။

အာဆီယံ/အာရှ လမ်းမကြီးများရဲ့ နယ်နိမိတ်ကို ၂၃၀ ပေ သတ်မှတ်ထားရှိပြီး မြို့တွင်းလမ်းများ ချဲ့ရာမှာတော့ မူလလမ်းတည်ဆောက်ပြီးမှ ဆောက်လုပ်ထားတဲ့ အဆောက်အအုံတွေကို ဖယ်ရှား ဆောင်ရွက်မှာဖြစ်ပြီးတော့ လမ်းမတည်ဆောက်မီက ဆောက်လုပ်ထားတဲ့ အဆောက်အအုံများကို ဖယ် ရှားခြင်းမပြုဘဲ ထားရှိရန် မူချမှတ်ထားပါတယ်။ ဒါ့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းမကြီး များ ဥပဒေပုဒ်မ ၁၀ မှာ ဖြည့်စွက်ချက်များအဖြစ် မြို့ရွာများကို ဖြတ်သန်းဖောက်လုပ်သည့် လမ်းမကြီး များရဲ့ နယ်နိမိတ်များကို သတ်မှတ်ရာမှာ လိုက်နာဆောင်ရွက်သွားရန်အတွက် ၂၆-၂-၂၀၁၄ နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ဖြည့်စွက်ချက်နဲ့ အတည်ပြုပြီး ဖြစ်ပါတယ်။ အဲဒီ

ဖြည့်စွက်ချက်တွေကတော့ (၁) မြို့တွင်း၊ ရွာတွင်း နေအိမ် အဆောက်အအုံများ တည်ရှိမှုအခြေအနေ၊ (၂) တည်ဆောက်ပြီးခဲ့တဲ့ အချိန်ကာလ၊ (၃) မြို့ပြဖွံ့ဖြိုးမှု အခြေအနေ၊ (၄) အခြားတည်ဆဲ မြို့ပြ ဆိုင်ရာဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကို ထည့်သွင်းစဉ်းစား၍ သတ်မှတ်သွားရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းနယ်နိမိတ်ကို အထက်ပါအတိုင်း သတ်မှတ်ထားသော်လည်း မြို့တွင်းနေရာများမှာ အနည်းဆုံး လိုအပ်ချက်အတိုင်းသာ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနဲ့ မြို့ကြီးများရဲ့ လိုအပ်တဲ့နေရာများမှာ ရှောင်ကွင်းလမ်းများဖောက်လုပ်ရေးကို သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့များနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းအပိုင်းရှိ တံတားအမှတ် (၂/၇၁) ခိုလောင်းတံတား၏ တည်ဆောက်ရေးစီမံကိန်းကာလမည်မျှဖြစ်သည်ကို သိလိုသည့်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းသီဟကျော်၊ မိုင်းရယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်(ခ)ဦးစိုင်းဟပ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ကို အဓိကဆက်သွယ်ပေးထားတဲ့ လမ်းမတစ်ခုဖြစ်တဲ့ မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းအပိုင်းမှာတည်ရှိတဲ့ တံတားအခြေအနေများကို တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ အဲဒီလမ်းအပိုင်းမှာ အဓိကတံတားသုံးစင်းရှိပြီးတော့ လားရှိုး၊ မိုင်းရယ်နယ်စပ်မှာရှိတဲ့ နမ့်မွတံတားရယ်၊ မိုင်းရယ်မြို့နယ်ထဲမှာရှိတဲ့ နားလီတံတားရယ်ကြတော့ ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ခွင့်ပြုလျာထားမှာဖြစ်ပါကြောင်း သိရှိခဲ့ရပါတယ်။ အခုလက်ရှိ မိုင်းရယ်မြို့နယ်နှင့် ကျေးသီးမြို့နယ်ကြားမှာတည်ရှိတဲ့ ခိုလောင်းတံတားကတော့ လက်ရှိတည်ဆောက်နေဆဲဖြစ်ကြောင်းလည်းသိရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းအပိုင်းဟာ ကျွန်တော်တို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ကို အဓိကဆက်သွယ်ထားတဲ့ လမ်းမကြီး

ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်သူများ တောင်ပိုင်းရှိ တောင်ကြီးကိုသွားမယ်ဆိုရင် မန္တလေးတိုင်း ဒေသကြီးကိုဖြတ်ပြီးတော့မှတစ်ဆင့် တစ်ကွေ့တစ်ပတ်ကြီးသွားနေခဲ့ရပါတယ်။ အခါက ကတော့ လမ်းတွေ၊ တံတားတွေမကောင်းလို့ဖြစ်ပါတယ်။ ဒါပေမယ့်လည်း အခုလမ်းအပိုင်းတွေ ကျတော့ အဆင့်မြှင့်တင်ပြီးတော့မှ ပြည်ထောင်စုအဆင့်လမ်းအဖြစ် သတ်မှတ်ထားတာလည်း သိရှိရပါ တယ်။ သို့သော်လည်းပဲ တံတားတွေအခြေအနေကတော့ ပျက်စီးခြင်းမရှိသေးတာကို တွေ့ရှိရတဲ့ အတွက်ကြောင့် ပြည်သူများကနေပြီးတော့ လွှတ်တော်မှာတင်ပြမေးမြန်းပြီး အမြန်ပြီးစီးအောင် ဆောင်ရွက်ပေးဖို့ ပြောဆိုလာတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းအပိုင်းရှိ တံတားအမှတ်(၂/၇၁) ခိုလောင်းတံတားကို တည်ဆောက် ရေးစီမံကိန်းကာလဖြစ်၍ မည်သည့်ကာလတွင် အပြီးတည်ဆောက်ရန်လျာထားပြီး ဆောင်ရွက်နေမှု အခြေအနေကိုသိရှိလိုပါကြောင်း ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ မိုင်းရယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်မှ မေးမြန်းထားတဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းအပိုင်းမှာရှိတဲ့ တံတားအမှတ်(၂/၇၁) ခိုလောင်းတံတားတည်ဆောက် ရေးကာလမည်မျှဖြစ်ပါသနည်း။ မည်သည့်ကာလတွင် အပြီးတည်ဆောက်၍ လျာထားသည့်အစီ အစဉ်များ ရှိ/မရှိသိရှိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် (တောင်ပိုင်း) နယ်စပ် မှာရှိတဲ့ မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းပေါ်ရှိတဲ့ တံတားအမှတ် (၂/၇၁) ခိုလောင်းတံတားဟာ မိုင်းရယ်ဘက်ကမ်းမှာ ၃၀ ပေ ခန်းဖွင့်တစ်ခန်း၊ ကျေးသီးဘက်ကမ်းမှာ ၆၀ ပေခန်းဖွင့်တစ်ခန်းနှင့် ရေလယ်မှာ C.H သံပေါင် ၁၂၄ ပေ ခန်းဖွင့်တစ်ခန်း စုစုပေါင်း ၂၁၄ ပေရှည်နှင့် ယာဉ်သွားလမ်း အကျယ် ၂၄ ပေရှိတဲ့တံတားတစ်စင်းဖြစ်ပါတယ်။ နမ့်လောင်းတံတားရဲ့ စီမံကိန်းတန်ဖိုးမှာ ကျပ် ၆၄၀ သန်းဖြစ်ပြီးတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ မူလရန်ပုံငွေကျပ် ၁၀၀ သန်းဖြင့် စတင်ဆောက်လုပ်

ခဲ့တာဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ မူလရန်ပုံငွေကျပ်သန်း ၂၀၀ ရရှိထားပြီးတော့ စုစုပေါင်း ကျပ်သန်း ၃၀၀ နဲ့ တံတားရဲ့ အကြိုအင်ဂျင်နီယာလုပ်ငန်းများ၊ အထောက်အကူပြုလုပ်ငန်း များ၊ C.H သံပေါင်သယ်ယူခြင်း၊ တံတားလုပ်ငန်းများ၊ အုတ်မြစ်လုပ်ငန်းများ၊ ပိုင်ထိပ်အုပ် (Cap) လုပ်ငန်းများ၊ ကမ်းကပ်ခုံလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ တံတားတစ်စင်းလုံးရဲ့ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခိုလောင်းတံတားရဲ့ကျန်ရှိနေသောလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် ရန်ပုံငွေကျပ် ၃၄၀ သန်း ထပ်မံလိုအပ်မည်ဖြစ်ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မူလရန်ပုံငွေမှာ ကျပ်သန်း ၂၀၀ တင်ပြထားပြီး ကျန်လုပ်ငန်းများအား ဖြည့်စွက်ရန်ပုံငွေ ထပ်မံတင်ပြ၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ရေဖြူမြို့နယ်၊ ကံပေါက်ဒေသတွင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၅၀၀ မဂ္ဂါဝပ်အား မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်နှင့် မော်လမြိုင်-ထားဝယ် လျှပ်စစ်ဓာတ်အား လိုင်းစီမံကိန်း အား ၂၀၁၄-၂၀၁၅ ဘတ်ဂျက်နှစ်တွင် ပါဝင်နိုင်ခြင်းရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်စိုး၊ လောင်းလုံးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုး(လောင်းလုံးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်ကြီးများအားလုံး ကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါရစေခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီးရဲ့ အဓိကလိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်စွမ်းအင်နဲ့ပတ်သက်တဲ့မေးခွန်းကိုတင် ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ပြည်မမှာ နိုင်ငံတော်အစိုးရရဲ့အစီအစဉ်နဲ့ လျှပ်စစ်မီးတစ်ယူနစ်ကို ၃၅ ကျပ်နဲ့ သုံးစွဲနေရချိန်မှာ ကျွန်တော်တို့တနင်္သာရီတိုင်းအနေနဲ့ လုပ်ငန်းရှင်ကြီးများကပေးတဲ့ ဒီဇယ်အင်ဂျင်ကြီး များနဲ့ လျှပ်စစ်တစ်ယူနစ်ကို ဒီဇယ်တစ်ဂါလံရဲ့ ဒေသပေါက်ဈေး ခြောက်အချိုးတစ်ဖြစ်တဲ့ ခြောက်ပုံ တစ်ပုံကို မြို့ကြီးများမှာ ၅၀၀ ကျပ်ဝန်းကျင်၊ မြို့ငယ်များမှာ ၆၀၀ ကျပ်၊ ၇၀၀ ကျပ်ဝန်းကျင်၊ ကျေးရွာ များမှာ ၁၂၀၀ ကျပ်အထိပေးဆောင်သုံးစွဲနေရပါတယ်။ ဒါ့အပြင် လျှပ်စစ်မီးကို စတင်သွယ်တန်းယူ

လိုပါက မီတာရဲ့တန်ဖိုးနဲ့ ကြိုးရဲ့တန်ဖိုး၊ သွယ်တန်းခတို့ကို ကျပ်ငွေ နှစ်သိန်းသွင်းရပြီးမှ အခြေခံယူနစ် အဖြစ် ၁၀ ယူနစ်ကိုမဖြစ်မနေ ပေးဆောင်ခြင်းတို့ကြောင့် အနိမ့်ဆုံးမိသားစုအနေဖြင့် တစ်လလျှင် တစ်သောင်းကျပ်ခန့်ကုန်ကျပြီး ချမ်းသာသောမိသားစုများအနေဖြင့် တစ်လလျှင်တစ်သိန်းဝန်းကျင်ခန့် မီတာခပေးဆောင်ပြီးသုံးစွဲနေကြရပါတယ်။ ထားဝယ်မြို့ ပေါ်ရှိအခန်း ၃၇ ခန်းပါတဲ့ ကြယ်သုံးပွင့် အဆင့်ရှိ ဇေယျာထက်စံဟိုတယ်တစ်လုံးအနေဖြင့် တစ်လလျှင် မီတာခ ၆၅ သိန်းမှ သိန်း ၇၀ အထိ ပေးဆောင်ပြီးလျှပ်စစ်ကိုသုံးစွဲနေကြရပါတယ်။ လျှပ်စစ်မီးဈေးနှုန်း ကြီးမြင့်မှုတို့ကြောင့် ကျွန်တော်တို့ ထားဝယ်ဒေသဟာ တိုးတက်သင့်သလောက် မတိုးတက်နိုင်ဘဲ ရင်းနှီးမြှုပ်နှံလိုသော လုပ်ငန်းရှင် များဟာ မလာရောက်ကြဘဲနဲ့ ဖွံ့ဖြိုးမှုနောက်ကျနေကြရပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်ဖြစ်တဲ့ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းဟာလည်း အကောင်အထည်ဖော်မှု နှောင့်နှေးနေရခြင်းဟာ သာဓကတစ်ခုဖြစ်ပါတယ်။ နိုင်ငံတော်မှလည်း လျှပ်စစ်နဲ့ပတ်သက်၍ ယနေ့ချိန်ထိ ကျွန်တော်တို့ တိုင်းကို ဆောင်ရွက်ပေးခြင်းမရှိသေးပါ။ တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကံပေါက် ဒေသမှာထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့ကို ရတနာစီမံကိန်းအဖြစ်နဲ့ ပြင်သစ်နိုင်ငံ **တိုတင်**ကုမ္ပဏီမှ ၁၉၉၈ ခုနှစ်တွင်သော်လည်းကောင်း၊ ရဲတံခွန်စီမံကိန်းအဖြစ်နဲ့ မလေးရှားနိုင်ငံ **ပက်ထိုးနစ်** ကုမ္ပဏီမှ ၂၀၀၀ ခုနှစ်တွင်လည်းကောင်း၊ သဘာဝဓာတ်ငွေ့ကို ရောင်းချလာခဲ့ပါတယ်။ နိုင်ငံတော်အတွက် ဒေါ်လာဘီလီယံနှင့်ချီပြီး ရရှိနေခဲ့တာ အားလုံးသိရှိပြီးဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ဝင်ငွေများကို ၁၆ နှစ် ကျော်ရရှိခဲ့ပြီးလည်းဖြစ်ပါတယ်။ ယင်းစီမံကိန်းနှစ်ခုမှ ကျွန်တော်တို့ ထားဝယ်ဒေသခံများအတွက် ၁၉၉၈ ခုနှစ်တွင် လျှပ်စစ်မီးရရှိစေရန်အတွက် စက်ရုံဝင်းတည်ဆောက်ခြင်း၊ ကန်ပေါက်-ထားဝယ် ၅၆ မိုင်အကွာအဝေးရှိတဲ့ ခရီးကိုလည်း လျှပ်စစ်မီးသွယ်တန်းပေးနိုင်ရန် ဓာတ်တိုင်ကြီးများကို ၁၉၉၇ ခုနှစ် ကတည်းက စိုက်ထူထားခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း ယနေ့အချိန်အထိ လျှပ်စစ်မီးလုံးဝမရရှိခဲ့ ပါ။ ကျွန်တော်တို့ ထားဝယ်ဒေသမှထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့ကို ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ရန်ကုန်၊ မော်လမြိုင်မြို့ကြီးများတွင်သာ အသုံးပြုခွင့်ရရှိနေခဲ့ကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသခံ ပြည်သူများအနေနဲ့ လျှပ်စစ်မီးမသုံးစွဲနိုင်ခြင်းတို့ကြောင့် လူနေမှုအဆင့်အတန်းဟာလည်း နိမ့်ကျနေခဲ့ ကြပါတယ်။ ပြည်သူများအနေနဲ့ မိမိရဲ့နိုင်ငံတော်အစိုးရကိုလည်း ယုံကြည်မှုအားနည်းလာခဲ့ကြသလို လူငယ်များဟာ ပညာသင်လိုစိတ်နည်းပါးလာကြပြီး တိုးတက်သော တစ်ဖက်နိုင်ငံများသို့သာသွား ရောက်လိုစိတ်ပိုမိုများပြားလာခဲ့ကြပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ၂၀၁၂ ခုနှစ်မှာ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာပြီး ဒေသခံပြည်သူများရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်

တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သွားရောက်တွေ့ဆုံခဲ့ပါတယ်။ တိုင်းဝန်ကြီးချုပ်မှ ဇောတိကစီမံကိန်း ဖြစ်တဲ့ ထိုင်းနိုင်ငံရဲ့ PTTEP ကုမ္ပဏီမှ ဓာတ်ငွေ့ပိုက်လိုင်းအသစ်ကို သွယ်တန်းနေကြောင်း၊ သွယ်တန်း ပြီးပါက ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် ထားဝယ်ဒေသခံများအား လျှပ်စစ်မီးရရှိစေမည်ဖြစ်ကြောင်း၊ မိမိဝန်ကြီးချုပ်အနေဖြင့်လည်း ထားဝယ်ဒေသနှင့် တနင်္သာရီတစ်တိုင်းလုံး လျှပ်စစ်မီးရရှိအောင် ကြိုးစားဆောင်ရွက်နေပါကြောင်း ပြောကြားခဲ့ပါတယ်။ သို့သော်လည်း ယနေ့အချိန်ထိ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့ကို PTTEP ကုမ္ပဏီမှ ပို့လွှတ်ဖို့၊ ရောင်းချဖို့အတွက် အဆင်သင့်ဖြစ်နေပြီဖြစ်ပါတယ်။ ဒေသခံပြည်သူများ လျှပ်စစ်မီးရရှိရေးမှာ အကောင်အထည်ဖော်မှုလုံးဝမရှိသေးပါ။ သို့ပါ၍ ကျွန်တော့် အနေနဲ့ ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ လျှပ်စစ်မီးနှင့်ပတ်သက်တဲ့ ကြယ်ပွင့်မပြ မေးခွန်းအဖြစ်မေးမြန်းရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနမှ ကံပေါက်ဒေသမှထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့ ဖြင့် ၅၀၀ မဂ္ဂါဝပ်ရှိတဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးရန် စီမံကိန်းရှိကြောင်းနဲ့ မော်လမြိုင်မှ ထားဝယ်သို့ မဟာဓာတ်အားလိုင်းကိုလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ထည့်သွင်း ရေးဆွဲရန် လျာထားကြောင်းဖြေကြားခဲ့ပါတယ်။ သို့ပါ၍ တနင်္သာရီတိုင်းပြည်သူများအနေဖြင့် မိမိဒေသ မှထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့မှ ရရှိသောအကျိုးကျေးဇူးကို ဒေသခံပြည်သူများခံစားရလိုခြင်း၊ ပြည်နယ်၊ ပြည်မမခွဲခြားဘဲ တန်းတူညီမျှစွာ ခံစားလိုခြင်း၊ လျှပ်စစ်မီးဈေးနှုန်းကြီးမြင့်မှုတို့ကြောင့် ပြည်သူများဝန်ထုပ်ဝန်ပိုး ဖြစ်နေစေခြင်းတို့ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရထံသို့ မေးမြန်းလိုသည်မှာ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသတွင် ၅၀၀ မဂ္ဂါဝပ် လျှပ်စစ် ဓာတ်အားပေးစက်ရုံအား မည်သည့်အချိန်တွင် မည်သို့အကောင်ထည်ဖော်ဆောင်ရွက်ပေးပါမည် နည်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပါရှိလာသော မော်လမြိုင်၊ ထားဝယ်မဟာဓာတ်အားပေး စီမံကိန်းအား ၎င်းဘဏ္ဍာနှစ်တွင် မဖြစ်မနေဆောင်ရွက်ပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တနင်္သာရီတိုင်းဒေသကြီး ပြည်သူများရဲ့ကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်း

နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး၏ မေးခွန်းကို ရှင်းလင်းတင်ပြဖြေကြားမှာဖြစ်ပါတယ် ခင်ဗျား။

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသမှာ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံတည်ဆောက်ဖို့အတွက် လုပ်ငန်းကို Star Sapphire Co.,Ltd နှင့် Andaman Power and Utility Co.,Ltd တို့ပူးပေါင်းဆောင်ရွက်ဖို့ နားလည်မှုစာချွန်လွှာကို ၁၁-၄-၂၀၁၃ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ကနဦးဖြစ်မြောက်နိုင်စွမ်းလေ့လာမှုအရ ပထမအဆင့် ၅၁.၆ မဂ္ဂါဝပ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာလည်းကောင်း၊ ဒုတိယအဆင့်အနေနဲ့ ၅၃.၁ မဂ္ဂါဝပ်ကို ၂၀၁၅ ခုနှစ် ဇွန်လ တွင်လည်းကောင်း၊ တတိယအဆင့်အနေဖြင့် ၃၃၆.၈ မဂ္ဂါဝပ်ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှာ လည်းကောင်း BOT စနစ်ဖြင့် တည်ဆောက်ရန် လျာထားတင်ပြထားမှုရှိပါတယ်။ အဆိုပါဖြစ်မြောက် နိုင်စွမ်းလေ့လာမှုအစီရင်ခံစာအရ ယခုအခါမှာ အသေးစိတ် ညှိနှိုင်းနေဆဲဖြစ်ပါကြောင်း တင်ပြအပ်ပါ တယ်။

မော်လမြိုင်-ရေး-ထားဝယ် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း မှာဓာတ်အားလိုင်းအူကြောင်းတိုင်းတာခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ဓာတ်အားလိုင်းအတွက် လိုအပ်သောငွေကြေးကိုလည်း ပြည်ပချေးငွေရရှိရေးအတွက် ညှိနှိုင်းထားပြီး အဆိုပြုထားရှိမှုအရ ၎င်းတို့ရဲ့ နှစ်ဖက်အသေးစိတ်ညှိနှိုင်းလျက်ရှိပါကြောင်း ဖြေကြားပြီး ကျွန်တော့်ရဲ့ ဖြေကြားချက်ကို နိဂုံးချုပ်တင်ပြအပ်ပါတယ်။

**မချမ်းဘောမြို့နယ်ရှိ ထာခချောင်းရေအားလျှပ်စစ်စီမံကိန်းအား မည်သည့်အတိုင်းအတာအထိဆောင် ရွက်နေသည်ကို သိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအင်ဖုန်ဆန်း၊ မချမ်းဘောမဲဆန္ဒနယ်ကိုယ်စား ဦးယိန်းဘောမ်၊ ဝိုင်းမော် မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးယိန်းဘောမ်(ဝိုင်းမော်မဲဆန္ဒနယ်)**။ ။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအစိုးရဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများနဲ့ အထူးလေ့လာသူဧည့်သည်တော်ကြီးများ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာ

ဖြင့်လိုအင်ဆန္ဒနဲ့ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းဂါဝရပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယိန်းဘောမ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ကျင်းပပြုလုပ်တဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ကချင်ပြည်နယ် မချမ်းဘောမဲဆန္ဒနယ်၊ ဦးအင်ဖုန်ဆန်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ထာခချောင်းရေတံခွန်လျှပ်စစ်ထုတ်လုပ်ရေးနဲ့ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပပြုလုပ်တဲ့ မတ်လ ၂၃ ရက်နေ့မှာ မချမ်းဘောမြို့နယ် ထာခချောင်းရေတံခွန်မှ ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရန် ရည်ရွယ်ချက်ရှိ/မရှိဆိုတဲ့ မေးခွန်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်းမှ မေးမြန်း တင်ပြသွားပါတယ်။ ဒီမေးခွန်းကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ဖြေကြားရာတွင် ထာခရေအားလျှပ်စစ်စီမံကိန်းမှာ နိုင်ငံတော်ရဲ့ အထူးစီမံကိန်း အကောင်အထည်ဖော်ရေးအဖွဲ့မှ ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်းကို သိရှိရပါတယ်။ စီမံကိန်းအကောင်အထည်ဖော်ရန် ဖြစ်နိုင်/မဖြစ်နိုင် ဆိုတဲ့ဟာ စုံစမ်းလေ့လာဆဲကာလဖြစ်ကြောင်းလည်း တင်ပြဆွေးနွေးသွားပါတယ်။ တိုင်းရင်းသား လုပ်ငန်းရှင်ကုမ္ပဏီတစ်ခုက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီစွမ်းအား ဆက်လက်ဆောင်ရွက်အကောင်အတည်ဖော်မှ ရေအားလျှပ်စစ်စီမံကိန်းဖြစ်လာအောင် ထာခချောင်း ရေအား အတိုင်းအတာတစ်ခုအနေနဲ့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို မေးမြန်းဆွေး နွေးခဲ့ပါတယ်။ သို့သော် ယနေ့ဒီအချိန်ဒီအခါထိ ဒီလုပ်ငန်းဟာ အကောင်အထည်ဖော်လာခြင်းမရှိတဲ့ အတွက်ကြောင့် ဒုတိယအကြိမ်မေးမြန်းတဲ့ မေးခွန်းဖြစ်တယ်ဆိုတာကို ရှင်းလင်းတင်ပြလိုပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ဒီထာခချောင်းရေတံခွန်ကြီးရဲ့ ရေအားလျှပ်စစ်ထုတ်လုပ် ရေးလုပ်ငန်းနဲ့ပတ်သက်ပြီး အကောင်အထည်ဖော်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုခြင်း၊ အကယ်၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက မည်သည့်အချိန်ကာလမှစ၍ အကောင်အထည်ဖော် မည်၊ အကယ်၍ အကောင်အထည်မဖော်နိုင်ဘူးဆိုပါက မည်သည့်အကြောင်းကြောင့်ဆိုတဲ့ဟာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်းနဲ့ ပြည်သူများ၏ လိုအင်ဆန္ဒများကို ရရှိနိုင်ဖို့ အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာနဲ့ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

[ဦးအင်ဖုန်ဆန်း၊ မချမ်းဘောမဲဆန္ဒနယ်ကိုယ်စား ဦးယိန်းဘောမ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး ကချင်ပြည်နယ် မချမ်းဘောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်း၏ မေးခွန်းကို ဆက်လက်တင်ပြဖြေကြားသွားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ် ပူတာအိုမြို့မှ ၂၄ မိုင်ခန့်အကွာ ထန်ဂါရွာအနီးမှာတည်ရှိတဲ့ ထာခရေအားလျှပ်စစ်စီမံကိန်း ၆ မဂ္ဂါဝပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် ထူးထရေးဒင်းကုမ္ပဏီလီမိတက်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ယခင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ဟာ နားလည်မှုစာချွန်လွှာကို ၂၉-၁၂-၂၀၀၉ ရက်နေ့မှာ လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုခဲ့ကြပါတယ်။

နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီးနောက် ထူးထရေးဒင်းကုမ္ပဏီလီမိတက်ဟာ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလမှာ မြေပြင်တိုင်းတာခြင်း၊ ဘူမိဗေဒစူးစမ်းလေ့လာခြင်း၊ ရေစီးရေလာတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးတော့မှ စီမံကိန်းဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုဆိုင်ရာ အစီရင်ခံစာကို ၂၆-၆-၂၀၁၀ ရက်နေ့မှာ တင်ပြခဲ့ပါတယ်။ အဆိုပါအစီရင်ခံစာမှာ စုစုပေါင်းဓာတ်အားလိုင်းအရှည် ၄၄ မိုင် တည်ဆောက်ရမှာဖြစ်ပါကြောင်း ဖော်ပြထားပါတယ်။ ထို့အပြင် ထူးထရေးဒင်းကုမ္ပဏီလီမိတက်အနေနဲ့ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် စူးစမ်းလေ့လာမှုများပြုလုပ်တဲ့အခါမှာ စီမံကိန်းကုန်ကျစရိတ်များပြားနိုင်ခြင်း၊ စီမံကိန်းသို့ သွားရောက်မည့်လမ်းကြောင်းပေါ်ရှိ ချောင်းများကို ရေနည်းသည့်အချိန်မှသာ ထော်လာဂျီယာဥ်များဖြင့် ဖြတ်သန်းနိုင်မည်ဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ တည်ဆောက်ချိန်အနေဖြင့်လည်း ခန့်မှန်းသည်ထက်ကြာမြင့်နိုင်ခြင်း၊ အထူးသဖြင့် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းရမည့် လမ်းအူကြောင်းသည်ရှည်လျားပြီး သစ်တောထူထပ်ခြင်းနှင့် တောင်များကိုကျော်ဖြတ်၍ ဓာတ်အားလိုင်းသွယ်တန်းရမှာဖြစ်သည့်အတွက် လက်တွေ့ဆောင်ရွက်ရန် အခက်အခဲများစွာရှိနေခြင်းများကြောင့် ထာခရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေမရှိပါကြောင်း၊ ထာခရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၏မရှိသော်လည်း ဒေသတွင်းလျှပ်စစ်မီးရရှိရေးအတွက် စက်တပ်ဆင်အင်အား ၈၀၀ ကီလိုဝပ်ရှိသည့် မူလာရှီးဒီး ရေအား

လျှပ်စစ်စီမံကိန်းကိုသာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ယခင် လက်မှတ်ရေးထိုးပြီးဖြစ်သည့် ထာခရေးအားလျှပ်စစ်စီမံကိန်းဆိုင်ရာ MOU ကို ပယ်ဖျက်ခွင့်ပြုပါရန်နှင့် ထာခရေအားလျှပ်စစ်စီမံကိန်းအစား ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် မူလာရှီးဒီး ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ပြုပါရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့သို့တင်ပြခဲ့ရာ ၄-၈-၂၀၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဥ်(၁၆/၂၀၁၁)မှ သဘောတူခွင့်ပြုခဲ့ပါသဖြင့် ထာခရေအားလျှပ်စစ်စီမံကိန်း ဆိုင်ရာ MOU ကိုပယ်ဖျက်ပြီးဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ မူလာရှီးဒီးရေအားလျှပ်စစ်စီမံကိန်း ဆိုင်ရာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဥ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားနိုင်ဖို့ အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ထူးထရေးဒင်းကုမ္ပဏီလီမိတက်သို့ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ပိုင်းကစပြီး အကြောင်းကြားခဲ့ပြီးဖြစ်ပါကြောင်းနှင့် အဆိုပါစီမံကိန်းမှာ စက်တပ်ဆင်အင်အား ၈၀၀ ကီလိုဝပ်သာရှိသဖြင့် သက်ဆိုင်ရာ ကချင်ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲမှုဖြင့်သာ ဆောင်ရွက်သွားရ မည့်စီမံကိန်းဖြစ်ပါကြောင်းပြန်လည်တင်ပြဖြေကြားအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နား ပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်း အဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဟုမ္မလင်းမြို့နယ်၊ ထမံသီရေအားလျှပ်စစ်စီမံကိန်းကို မည်သည့်ခုနှစ်တွင်စတင်ခဲ့ပြီး မည်သည့်အတွက်ကြောင့် ရပ်ဆိုင်းခဲ့သည်ကို သိလိုသည်နှင့်စပ်လျဥ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်မွေးလွင်၊ မင်းကင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်မွေးလွင်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ မေးမြန်းလိုတဲ့မေးခွန်းကတော့ ထမံသီရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဥ်းပြီးတော့ မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ ကျွန်မတို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် အတွင်းက ထမံသီရေအားလျှပ်စစ်စီမံကိန်းကို လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ခန့်ကစပြီးတော့ ဖော်ဆောင်ခဲ့ တယ်လို့ကြားသိထားရပါတယ်။ ဒီစီမံကိန်းအကောင်အထည်ဖော်မည်ဆိုရင် ဆည်တည်ဆောက်တဲ့ အခါမှာ ရေနစ်မြုပ်နိုင်တဲ့ဧရိယာအတွင်းမှာပါရှိတဲ့ ပတ်ဝန်းကျင်ဒေသခံတို့အတွက် ရွှေပြည်အေး မြို့သစ်တည်ထောင်ရန်နေရာရယ်၊ စိုက်ပျိုးစားသောက်နိုင်ဖို့အတွက် လောင်းမင်းစိုက်ပျိုးမြေရရှိဖို့ရာ သစ်တောဧရိယာဧကေ ရှစ်သောင်းကျော်ကို အပြောင်ရှင်းစနစ်နဲ့ခုတ်ထွင်ခဲ့ရပါတယ်။ ဆည်တည် ဆောက်မည်ဆိုလျှင် နစ်မြုပ်မယ့် ထမံသီရေဝပ်ဧရိယာ၊ ၃၀၀၄၈၅ ဧကရှိ သစ်တောကြီးတွေကိုလည်း အပြောင်ရှင်းစနစ်နဲ့လည်း ခုတ်ထွင်လိုက်ကြပါတယ်။ ကျွန်မအနေနဲ့ သိရှိနားလည်ထားတာကတော့ ပျဥ်းမနားမြို့နယ်၊ ငလိုက်ဆည်စီမံကိန်း ဆောင်ရွက်စဥ်အချိန်အခါတုန်းက အမှန်တကယ် ဆည် တည်ဆောက်ပြီးတော့ ဆည်ပိတ်ခါနီးရောက်မှပဲ သစ်တောတွေကို ရှင်းလင်းခဲ့ကြတယ်လို့ ကြားခဲ့ရဖူး ပါတယ်။ ယခုထမံသီရေအားလျှပ်စစ်စီမံကိန်းအတွက် ဆည်တည်ဆောက်ခြင်းအဆင့်ကို မရောက်ရှိ သေးပါဘဲနဲ့ ဆည်ဧရိယာအဖြစ်လျာထားတဲ့ သစ်တောဧကသုံးသိန်းကျော်ကို အချိန်မတန်ဘဲ ကြိုတင် ပြီးတော့ အပြောင်ခုတ်ထွင်ရှင်းလင်းပစ်ခဲ့ခြင်းဟာ တိုင်းပြည်အတွက် ဆုံးရှုံးမှုတစ်ခုဖြစ်ခဲ့ရပါတယ်။ ဆည်တည်ဆောက်တဲ့အခါမှာ တစ်နှစ်ခွဲ၊ နှစ်နှစ်အတွင်း အပြီးရှင်းလင်းနိုင်ခဲ့ပါလျက် အခုလို ကြိုတင် ပြီးတော့ အလျင်စလိုဆောင်ရွက်ရန် မလိုအပ်ပါဘူးလို့ထင်ပါတယ်။ တရားဝင်အပြောင်ရှင်းလင်း ခွင့်ရတဲ့အပေါ်မှာလည်း စီးပွားရေးသမားတွေရဲ့ ပိုမိုအခွင့်အရေးယူမှုတွေ၊ ဥပဒေလက်တစ်လုံးခြား လုပ်ပြီးတော့ အမြတ်ထုတ်နေခဲ့တာတွေဟာ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်မှာ မြင်မကောင်း ရှုမကောင်းဖြစ်ကြရတဲ့အပြင် ဒေသခံတွေကနေတစ်ဆင့် ကြားသိရတာဟာ ပိုလို့ပဲ စိတ်မချမ်းမြေ့ဖွယ် ဖြစ်ရပါတယ်။ ယခုလို စီမံကိန်းမအောင်မြင်တဲ့အခါမှာ တိုင်းပြည်အတွက် ရည်မှန်းချက်ပျောက်ဆုံး ရသလို ကျွန်မတို့ဒေသခံတွေအတွက်လည်း လျှပ်စစ်မရရှိခဲ့တဲ့အတွက် ဆုံးရှုံးမှုတွေ၊ ဒီဆုံးရှုံးမှုတွေ

သာမကဘဲနဲ့ ဒေသခံပတ်ဝန်းကျင်ပြည်သူတွေနဲ့ ထပ်တူထပ်မျှလည်း ကျွန်မတို့ချင်းတွင်းမြစ်တစ်လျှောက်မှာ နေထိုင်တဲ့သူတွေမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်နစ်နာမှုတွေ၊ သဘာဝဘေးအန္တရာယ်တွေ၊ အတားအဆီးမဲ့ မြစ်ကြောင်းတိမ်ကောမှုတွေ၊ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် လက်တွေ့ခံစားရတဲ့ တောင်သူတွေရဲ့ဒုက္ခ စတဲ့ဆိုးကျိုးတွေနဲ့ ရင်ဆိုင်ကြရပါတယ်။ ယခုလိုမအောင်မြင်တဲ့ ထမံသီတို့လို၊ သဘာဝသယံဇာတတွေ များစွာဆုံးရှုံးခဲ့ရတဲ့ မြစ်ဆုံစီမံကိန်းတို့လို ကြုံတွေ့လာကြပြီဆိုရင် တာဝန်ရှိသူတွေက မည်ကဲ့သို့ကုစားကြမည်နည်းဆိုတဲ့အဖြေကို စဉ်းစားထားရန် လိုအပ်မယ်လို့ ထင်ပါတယ်။ ဆည်တည်ဆောက်ခြင်းအဆင့်ရောက်မှ သစ်တောခုတ်ထွင်ရှင်းလင်းတာဖြစ်နိုင်တာကို အလျင်စလိုကြိုတင်ပြီးတော့ အပြောင်ရှင်းလင်းခဲ့ခြင်းဟာ ပြည်သူတွေအတွက် သံသယရှိဖွယ်လည်း ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ အောက်ပါမေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးကနေ တစ်ဆင့်မေးမြန်းလိုပါတယ်ရှင်။

(က) ထမံသီရေအားလျှပ်စစ်စီမံကိန်းကို မည်သည့်ခုနှစ်ကစတင်ခဲ့ပါသလဲ။ (ခ)ထမံသီရေအားလျှပ်စစ်စီမံကိန်းကို မည်သည့်အတွက်ကြောင့် မည်သည့်အချိန်ကစပြီးတော့ ရပ်ဆိုင်းခဲ့ပါသလဲ။ (ဂ) မလိုအပ်သေးပါပဲ ဆည်ရေဝပ်ဧရိယာ ၃၀၀၄၈၅ ဧကမှာရှိတဲ့ သစ်တောတွေကို အပြောင်ရှင်းထုတ်လုပ်ခဲ့တာကို မည်သူကနေပြီးတော့ တာဝန်ယူပြီးပြန်လည်စိုက်ပျိုးပေးပါမလဲ။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မွှေးလွင်၏ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကိုယ်စား ရှင်းလင်းတင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။ ထမံသီရေအားလျှပ်စစ်စီမံကိန်းဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်ရဲ့မြောက်ဘက် မိုင် ၃၀ ခန့်အကွာ တဇုန်းကျေးရွာအနီးမှာ တည်ရှိပြီးတော့

စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၂၀၀ ဖြင့် မဟာဓာတ်အားလိုင်းကို နှစ်စဉ်ပျှမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၅၇၃၇.၄၇ ခန့်ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရန်ရည်ရွယ်ပြီး အကောင်အထည် ဖော်ဆောင်ရွက်ခဲ့တဲ့ ရေအားလျှပ်စစ်စီမံကိန်းဖြစ်ပါတယ်။

ထမံသီရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်သော အကြိုလေ့လာစူးစမ်းမှုများကို အောက်ဖော်ပြပါ အဖွဲ့အစည်းအသီးသီးမှ ဆောင်ရွက်ခဲ့ကြပါတယ်။ အမှတ်စဉ်(၁) ၁၉၆၂ ခုနှစ်က UNDP အဖွဲ့အစည်းကနေပြီးတော့မှ ချင်းတွင်းမြစ်ဝှမ်းဖွံ့ဖြိုးရေး လေ့လာမှုဖြင့်လည်းကောင်း၊ အမှတ်စဉ်(၂) ၁၉၇၁ ခုနှစ်က MEPE နှင့် United Nation တို့ရဲ့ ပဏာမ စူးစမ်းလေ့လာခြင်းနှင့် ကွင်းဆင်းတိုင်းတာခြင်းဖြင့်လည်းကောင်း၊ အမှတ်စဉ်(၃) ၁၉၇၄ MEPE နှင့် အကြိုဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာလေ့လာပြုစုခြင်းအရလည်းကောင်း၊ ၁၉၈၈ ခုနှစ်မှာ DAEWOO Corporation ရဲ့ကွင်းဆင်းလေ့လာမှုအစီရင်ခံစာ ပြုစုတင်ပြခြင်းဖြင့်လည်းကောင်း၊ ၁၉၉၉ ခုနှစ်မှာ CEA(INDIA)ကုမ္ပဏီရဲ့ ဒေသတိုးတက်ဖွံ့ဖြိုးရေး လေ့လာခြင်းအစီရင်ခံစာအရ လည်းကောင်း၊ နောက် ၂၀၀၀-၂၀၀၂ ခုနှစ်မှာ CEA(INDIA) ကုမ္ပဏီရဲ့ ဘူမိဗေဒတိုင်းတာခြင်း အစီရင်ခံစာအရလည်းကောင်း၊ ၂၀၀၃ ခုနှစ်မှာ KANSAI(Japan) မှ မြစ်ဝှမ်းတစ်လျှောက် ဖွံ့ဖြိုးရေး လေ့လာခြင်းအစီရင်ခံစာအရလည်းကောင်း၊ ၂၀၀၃ ခုနှစ်မှာ NHPC(INDIA) ရဲ့ အကြိုဖြစ်မြောက် နိုင်စွမ်း ပြန်လည်လေ့လာခြင်းအစီရင်ခံစာအရလည်းကောင်း၊ ၂၀၀၆ ခုနှစ်မှာ CPE တရုတ်နိုင်ငံရဲ့ ဖြစ်မြောက်နိုင်စွမ်းလေ့လာတင်ပြခြင်းအရလည်းကောင်း၊ ၂၀၀၇ ခုနှစ်မှာပဲ CPE ကုမ္ပဏီရဲ့ဖြစ် မြောက်နိုင်စွမ်း အစီရင်ခံစာတင်သွင်းခြင်း အစီရင်ခံစာအရလည်းကောင်း ထမံသီရေအားလျှပ်စစ် စီမံကိန်းကို အိန္ဒိယနိုင်ငံအစိုးရရဲ့ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ၁၉၉၉ မှစ၍ ၂၀၀၃ ခုနှစ်အထိ နှစ်ကြိမ်လေ့လာဆောင်ရွက်ခဲ့ပါတယ်။ ထမံသီရေအားလျှပ်စစ်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ်လေ့လာနိုင်ရန် လျှပ်စစ်စွမ်းအားဝန် ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံ (NATIONAL HYDROELECTRIC POWER CORPORATION- NHPC) INDIA Government တို့ဟာ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှာ နားလည်မှုစာချွန်လွှာ MOU ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

ထမံသီရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အကြိုတည်ဆောက်မှု လုပ်ငန်းများအဖြစ် မော်လိုက်စခန်း၊ ဟုမ္မလင်းစခန်း၊ တဇုန်းစခန်းတို့မှာ ဝန်ထမ်းနေအိမ်၊ ဆီလှောင် ကန်များ၊ ပစ္စည်းသိုလှောင်ရုံများကို ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှ စတင်ဆောက်လုပ်ထားရှိပြီး

ဖြစ်ပါတယ်။ ထမံသီရေအားလျှပ်စစ်စီမံကိန်းရဲ့ စီမံကိန်းဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စအပေါ် နည်းပညာ၊ စီးပွားရေးဆိုင်ရာ ရှုထောင့်များမှ သုံးသပ်ချက်များအရ စီးပွားရေးရလဒ်အားနည်းတဲ့ (Economically Unviable) စီမံကိန်းဖြစ်သည့်အပြင် လူမှုပတ်ဝန်းကျင်အပေါ်သက်ရောက်ခြင်း(Social Impact) နှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်ပျက်စီးမှု (Environmental Impact) များကြောင့် မြင့်မားလာနိုင်သည့်အတွက် ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရန် သင့်လျော်မှုမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် နိုင်ငံတော်သမ္မတက ဆိုင်းငံ့ထားရန် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာ လမ်းညွှန်မှုပြုထားပြီးဖြစ်လို့ အဆိုပါစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုကို ဆိုင်းငံ့ထားခဲ့ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ထမံသီရေအားလျှပ်စစ်စီမံကိန်းဟာ နိုင်ငံတော်ရဲ့လိုအပ်ချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းတစ်ရပ်ဖြစ်ပြီးတော့မှ ၂၀၀၄-၂၀၀၅ ခုနှစ်မှာ စတင်ပြင်ဆင်ခဲ့ပါတယ်။ စီမံကိန်းတည်ဆောက်မယ့် ထမံသီဆည်ရေဝပ်ဧရိယာအတွင်းမှာ ကျရောက်ပြီး ရေမြုပ်ပျက်စီးမည့်သစ်များကို စနစ်တကျဖယ်ရှားအသုံးပြုနိုင်ရန်နှင့် ဆည်တည်ဆောက်ရေးလုပ်ငန်းများကို အနှောင့်အယှက်မဖြစ်စေဘဲ အချိန်မီပြီးစီးနိုင်ဖို့အတွက် သစ်ထုတ်ခြင်းလုပ်ငန်းကိုလည်း ၂၀၀၅-၂၀၀၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါတယ်။

ရေအားလျှပ်စစ်စီမံကိန်းများ ရပ်ဆိုင်းထားကြောင်း သိရှိရသည့်အတွက် ၂၀၀၃-၂၀၀၄ ခုနှစ်မှာ ရေဝပ်ဧရိယာအတွင်း အပြောင်ရှင်းသစ်ထုတ်လုပ်မှုကို ရပ်ဆိုင်းခဲ့ပြီး ရပ်ဆိုင်းချိန်မှာတော့ မူလခန့်မှန်းဧရိယာပမာဏရဲ့ ၁၀.၆ ရာခိုင်နှုန်းခန့်သာ သစ်ထုတ်လုပ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရေဝပ်ဧရိယာတစ်ခုလုံးကို အပြောင်ရှင်းထုတ်လုပ်ခြင်း မပြုရသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ထမံသီရေအားလျှပ်စစ်စီမံကိန်း ရေဝပ်ဧရိယာအတွင်းမှာ ကျရောက်နေတဲ့ကျေးရွာများကို ဟုမ္မလင်းမြို့နယ်၊ လောင်းမင်းဒေသတွင် ရွှေပြည်အေးမြို့သစ်နှင့် စိုက်ပျိုးမြေများတည်ထောင်နေရာချထားပေးမယ့် အစီအစဉ်အရ ဖော်ပြပါဒေသမှာရှိတဲ့ ဧရိယာဧက ရှစ်သောင်းအတွင်းတွင်လည်း အပြောင်ရှင်းသစ်ထုတ်လုပ်ငန်းကို ၂၀၀၅-၂၀၀၆ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီးတော့ ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းလုပ်ငန်းများ ရပ်ဆိုင်းချိန်မှာတော့ အပြောင်ရှင်းသစ်ထုတ်လုပ်မှုကိုလည်း ရပ်ဆိုင်းခဲ့ပြီးဖြစ်ပါတယ်။ မူလခန့်မှန်းဧရိယာရဲ့ ၇.၈၆ ရာခိုင်နှုန်းကိုသာ ထုတ်လုပ်ခဲ့ပြီး ဧရိယာတစ်ခုလုံး အပြောင်ရှင်းဆောင်ရွက်ခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ထမံသီရေအားလျှပ်စစ်စီမံကိန်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်မရှိပါက လက်ရှိသစ်ထုတ်ပြီးဧရိယာများတွင် သစ်

ထုတ်လုပ်ခဲ့သည့် ကုမ္ပဏီများကို ပုဂ္ဂလိကသစ်တောစိုက်ခင်းများနှင့် သဘာဝတောတန်ဖိုးမြင့်စိုက်ခင်းများ တည်ထောင်စေခြင်း၊ စိတ်ပါဝင်စားတဲ့နိုင်ငံသားများကို စည်းရုံးဖိတ်ခေါ်ပြီး ပုဂ္ဂလိကသစ်တောစိုက်ခင်းများတည်ထောင်ခွင့်ပြုခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုအစီအစဉ်နဲ့ သစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုခြင်းများ စည်းရုံးဆောင်ရွက်မည်ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် စိမ်းလန်းစိုပြေရေးသာမက ဒေသခံပြည်သူများရဲ့ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိပြီး ဒေသဖွံ့ဖြိုးရေးကိုလည်း များစွာအထောက်အကူဖြစ်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အလုံမြို့နယ်ရှိ လမ်းများတွင် အန္တရာယ်ရှိသော ဆွေးမြည့်နေသည့် ဓာတ်တိုင်များ၊ အသစ်ဖြည့်ရန်လိုအပ်လျက်ရှိသော ဓာတ်တိုင်များနှင့် နှစ် ၃၀ ကျော်နေသော လျှပ်စစ်ကြိုးများကို ပြုပြင်တပ်ဆင်ပေးရန်အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည် (အလုံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်တဲ့ မေးခွန်းကို လွှတ်တော်သို့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းအတွင်းမှာရှိတဲ့ ရပ်ကွက်များမှ လျှပ်စစ်မီးတိုင်များမှာ ဟောင်းနွမ်းဆွေးမြည့်နေပြီးတော့ အချို့သောမီးတိုင်များမှာ ခြေရင်းတွင်ပြတ်ထွက်လုမတတ်ဖြစ်နေပြီး အန္တရာယ်ရှိတဲ့အသွင်ဆောင်နေပါသည်။ အချို့သော ဓာတ်တိုင်များမှာ တစ်တိုင်ထဲမှာ အိမ်ခန်းပေါင်းများစွာမှ ဆွဲယူသုံးစွဲပြီး ဓာတ်ကြိုးများရှုပ်ထွေးပြီးတော့ ပြတ်ရိနေသလိုဖြစ်နေတာ တွေ့ရပါတယ်။ အချို့ဓာတ်တိုင်များမှာ ဒီအခု Power Point မှာပြထားတဲ့အတိုင်း ဓာတ်တိုင်တွေဟာ တိုင်ခြေရင်းမှာ ပြတ်ထွက်လုမတတ်ဖြစ်သလို ရပ်ကွက်ထဲကအဆင်ပြေသလိုပဲ သံချောင်းနဲ့ပိုးထားရတာတွေရှိပါတယ်။ ဒါအန္တရာယ်ရှိတဲ့ ဓာတ်တိုင်တွေဖြစ်နေပါတယ်။ ဒီလိုမျိုးရှုပ်ထွေးနေတာတွေ၊ ဓာတ်တိုင်တွေရဲ့ အန္တရာယ်တွေရှိနေတာတွေ ဒါတွေဟာဆိုရင် သစ်ပင်တွေနဲ့ငြိနေတယ်။ တစ်ခါမှာ ကျွန်တော်တို့မြို့ဖွံ့ဖြိုးရေးသွားတဲ့အချိန်မှာ ဓာတ်ကြိုးတွေတဖောင်းဖောင်းမြည်နေတဲ့အတွက် ဒီဖွံ့ဖြိုးရေးလုပ်ရင်းက ခဏရပ်ပြီးတော့ အဲ့ဒီဓာတ်ကြိုးတွေမီးထလောင်တဲ့နေရာတွေ သွားကြည့်ပါတယ်။ ကွင်းချောင်း

လမ်းမှာဖြစ်နေပါတယ်။ မိုးတွင်းမဟုတ်ပါဘဲနဲ့ မီးတွေထလောင်နေတာကို အပေါ်ကသစ်ပင်တွေ ရိုက်မိပြီး ဖြစ်နေတာကိုတွေ့ရပါတယ်။ အဲ့ဒီလိုမျိုး အန္တရာယ်ရှိတဲ့ကိစ္စတွေ နောက်စာသင်ကျောင်း တစ်ကျောင်း အ.ထ.က (၃) ကိုသွားတဲ့အခါမှ အနှစ် ၃၀ ကျော် ၄၀ လောက်ရှိတဲ့ ဓာတ်ကြိုးတွေ ဟောင်းနွမ်းနေတာတွေကို ကျွန်တော်တို့လည်း မလုပ်တတ်တဲ့အတွက် အဲ့ဒါတွေလုပ်ပေးရင်တော့ ကောင်းပါတယ်လို့ တင်ပြဖူးပါတယ်။ အဲ့ဒီတော့ အ.ထ.က (၃) အလုံက တင်ပြတာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က ဒီလိုလျှပ်စစ်နဲ့ပတ်သက်ပြီးတော့မှ ဖွံ့ဖြိုးရေးမှာလည်း ငွေကသုံးလို့မရပါ ဘူး။ တော်တော်များများလည်း သုံးရမှာဖြစ်တဲ့အတွက် အဲ့ဒီလိုပဲ ကမာရွတ်မှာလည်း ဒီလိုမျိုးလျှပ်စစ် နဲ့ပတ်သက်ပြီး ရှော့ခ်ဖြစ်ပြီးတော့မှ မီးလောင်ခဲ့ဖူးပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့က ဒါတွေ ဒီလျှပ်စစ်ဌာနက ငွေကြေးကုန်ကျများစွာဖြင့်ဆောင်ရွက်နေခြင်း၊ ကျေးလက်များအထိ လျှပ်စစ်မီး ရရှိရေးအတွက်ဆောင်ရွက်နေခြင်းများ ယူနစ်ပျောက်ဆုံးမှုအတွက် ပြုပြင်ပြောင်းလဲတပ်ဆင်မှုတွေ အသီးသီးဆောင်ရွက်သွားရန် အစီအစဉ်ရှိတာတွေကို ကြားသိရ ပါတယ်။ အသစ်တည်ဆောက်မှုများ၊ တိုးချဲ့မှုများနဲ့ လျှပ်စစ်ဓာတ်အားစနစ်များကို တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်လျက်ရှိကြောင်းကို လည်းတွေ့ရပါတယ်။ သို့ပါသော်လည်း နဂိုရှိပြီးသား လျှပ်စစ်ပစ္စည်းများကို စနစ်တကျထိန်းသိမ်း စောင့်ရှောက်ရန်လည်း အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ရှိပြီးသားပစ္စည်းများကို အန္တရာယ်မရှိကောင်း မွန်စွာနဲ့ ကြိုးစားအားထုတ်နိုင်ခြင်းဟာလည်း အရည်အချင်းကောင်းတစ်ရပ်ဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များက လျှပ်စစ်ဌာနအပေါ် အများကြီးနားလည် ပေးထားတာတွေရှိပါတယ်။ အဲ့ဒီတော့ ကျွန်တော့်အနေနဲ့ အောက်ပါမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့်မေးမြန်းလိုပါတယ်။ (က) အလုံမြို့နယ်ရှိလမ်းများတွင် အန္တရာယ်ရှိသော ဆွေးမြည့်ဟောင်း နွမ်းဓာတ်တိုင်များနဲ့ အသစ်ဖြစ်ရန် လိုအပ်လျက်ရှိသော ဓာတ်တိုင်များ၊ သက်တမ်းနှစ် ၃၀ ကျော် နေသော လျှပ်စစ်ကြိုးများကို အစားထိုးပြင်ဆင်ပြုပြင်တပ်ဆင်ပေးရန်၊ (ခ) ရန်ကုန်တိုင်းအတွင်းရှိ အန္တရာယ်ရှိ လျှပ်စစ်ကြိုး၊ လျှပ်စစ်ဓာတ်တိုင်များ ပြုပြင်တပ်ဆင်ပေးရန်၊ (ဂ) အန္တရာယ်ရှိသော သစ်ပင်သစ်ကိုင်းများ၊ လျှပ်စစ်ကြိုးနှင့်တယ်လီဖုန်းကြိုးများ ရှုပ်ထွေးငြိတွယ်နေမှုများကို မိုးမကျမီ ဆောင်ရွက်ပေးရန် အစီအစဉ်များရှိ/မရှိသိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်၏ မေးခွန်းကို ပြန်လည်တင်ပြဖြေကြားသွားမှာဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ နှစ်စဉ်ခွဲဝေရရှိသည့် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဝန်ကြီးဌာနပိုင် သစ်သားတိုင်နှင့်သံတိုင်များကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်လျက်ရှိရာမှာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအထိ မြန်မာတစ်နိုင်ငံလုံးမှာ လဲလှယ်ရန် သစ်သားတိုင်ပေါင်း ၁၆၂၃၉၃ တိုင်၊ သံတိုင် ၆၉၉၁၄ တိုင်ကျန်ရှိနေပါသေးတယ်။ အဆိုပါဆွေးမြည့်သစ်သားတိုင်နဲ့ သံတိုင်များကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်း တစ်ပါတည်းဆောင်ရွက်ရပြီး လိုအပ်ပါက ကြေွသီး၊ ကြိုးများကိုပါ လဲလှယ်သွားမှာဖြစ်ပါတယ်။ ထိုသို့ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဝန်ကြီးဌာနပိုင်ဆွေးမြည့်တဲ့ သစ်သားတိုင်၊ သံတိုင်အားလုံးကို ကွန်ကရစ်တိုင်များဖြင့်လဲလှယ်ပါက ခန့်မှန်းကုန်ကျငွေမှာ ယခုကာလပေါက်ဈေးဖြင့် ကွန်ကရစ်တိုင်၊ သံလက်တန်း၊ ကြေွသီးဖိုးအပါအဝင် စုစုပေါင်းကျပ် ၅၄.၅၈ ဘီလီယံခန့်ကုန်ကျမှာဖြစ်ပါတယ်။

တစ်နိုင်ငံလုံးမီးသုံးစွဲသူဦးရေရဲ့ ထက်ဝက်နီးပါးခန့်ရှိသော ရန်ကုန်တိုင်းဒေသကြီး၌ပင် ဝန်ကြီးဌာနပိုင် သစ်သားတိုင် ၃၆၆၄ တိုင်၊ သံတိုင် ၂၁၂၈ တိုင် စုစုပေါင်း ၅၇၉၂ တိုင်လဲလှယ်ရန် ကျန်ရှိနေပါတယ်။ အဆိုပါ တိုင်များအားလုံးကို လဲလှယ်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေမှာ စုစုပေါင်းကျပ် ၀.၅၆ ဘီလီယံခန့်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် နှစ်စဉ်ရရှိသည့် ရန်ပုံငွေအပေါ်မူတည်၍ တစ်နှစ်လျှင် ကွန်ကရစ်တိုင် ၂၀၀၀ နှုန်းလဲလှယ်ခြင်းအတွက် ငွေကျပ်သန်း ၁၉၅ သန်းခန့်သာဆောင်ရွက်နိုင်ခဲ့ပါတယ်။

အခြားတိုင်းဒေသကြီး/ပြည်နယ်များမှာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအထိ ဝန်ကြီးဌာနပိုင် သစ်သားတိုင် ၁၅၈၇၂၉ တိုင်နှင့် သံတိုင် ၆၇၇၈၆ တိုင် စုစုပေါင်း ၂၂၆၅၁၅ တိုင်ကို ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်ရန်ကျန်ရှိနေပြီးတော့မှ အဆိုပါလုပ်ငန်းအတွက် စုစုပေါင်းကုန်ကျငွေမှာ ၅၄.၀၂ ဘီလီယံခန့်သုံးစွဲသွားရမှာဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ နှစ်စဉ်ရရှိသည့် ခွဲဝေခွင့်ပြုနိုင်တဲ့ဘဏ္ဍာငွေအပေါ်မူတည်ပြီး ဝန်ကြီးဌာနပိုင် ဆွေးမြည့်သစ်သားတိုင်၊ သံတိုင်များကို ကွန်ကရစ်တိုင်အဖြစ် လဲလှယ်ခြင်းလုပ်ငန်းကိုဆောင်ရွက်ရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာ

အနေဖြင့် တစ်နှစ်တည်းလဲလှယ်ပေးရန် အခက်အခဲရှိကြောင်းတင်ပြပါတယ်။ အလုံမြို့နယ်မှာ သံတိုင် ၁၆၇ တိုင်ရှိပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ကွန်ကရစ်တိုင်နဲ့ ၄၈ တိုင် လဲလှယ်ပြီးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၂၇ တိုင် လဲလှယ်ပေးမှာဖြစ်ပြီး ကျန်လဲလှယ်ဖို့ရှိတဲ့ သံတိုင် ၉၂ တိုင်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အပြီးလဲလှယ်သွားနိုင်ရေး စီမံလျာထားပါတယ်။ ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ လျှပ်စစ်ဓာတ်တိုင်များမှာ တယ်လီဖုန်းကြိုးများ သွယ်တန်းထားခြင်းကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသို့ သီးခြားပြောင်းလဲသွယ်တန်းပေးရန်ညှိနှိုင်းထားပြီး ဆက်သွယ်ရေးဝန်ကြီးဌာနမှလည်း သီးခြားပြောင်းလဲသွယ်တန်းခြင်းလုပ်ငန်းကိုပါ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဟောင်းနွမ်းဆားဗစ် ကြိုးများလဲလှယ်ရန်ကိစ္စမှာ မီးသုံးသူများ၏ တာဝန်သာဖြစ်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် ဟောင်းနွမ်းနေတဲ့ကြိုးများကို လဲလှယ်ရန်အတွက် သက်ဆိုင်ရာ မီးသုံးသူ ကာယကံရှင်များထံသို့ အသိပေးညှိနှိုင်းနှိုးဆော်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးခိုင်မောင်ရည် (အလုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်းအနည်းငယ်မေးလိုပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်ပေးနေရတာကိုလည်း နားလည်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်ပေးတဲ့အတွက် လျှပ်စစ်ဝန်ကြီးဌာနရဲ့ ကတိပေးမှုတွေ၊ အချို့ကတိတွေကျန်တာတွေကိုလည်း ကျွန်တော်တို့လွှတ်တော်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များက နားလည်မှုတွေပေးထားပါတယ်။ သို့သော် ကျွန်တော်တို့က အခုဟောင်းနွမ်းနေတဲ့ မလိုလားအပ်ဘဲနဲ့ အန္တရာယ်တွေ ထပ်ဖြစ်နေတဲ့နေရာကို အဲ့ဒီ ကျွန်တော်တို့မြို့နယ်မှာ လျှပ်စစ်မီးတွေထပ်ပေါက်နေတဲ့အချိန်မှာ ချက်ချင်းမြို့နယ်ပညာရေးမှူး ကျွန်တော်နဲ့ပါပါတယ်။ ဒုတိယပညာရေးမှူးက ဖြစ်တဲ့နေရာက အ.မ.က (၁၁) ကွင်းချောင်းလမ်း ထိပ်မှာဖြစ်တဲ့အတွက် အဲ့ဒီလိုမျိုး အန္တရာယ်ရှိနေတဲ့ကိစ္စကို အရေးပေါ်ကျွန်တော်တို့ လျှပ်စစ်ကိုခေါ်တာတောင်မှ ချက်ချင်းမရောက်ပါဘူး။ ကျွန်တော်တို့ ဒီလိုမျိုးအရေးကြီးတဲ့ကိစ္စမှာ လျှပ်စစ်ကြောင့်ဟောင်းနွမ်း ဆွေးမြည့်နေတဲ့ ကြိုးတွေကြောင့်မို့ ခဏခဏမီးလောင်မှုတွေဖြစ်ပါတယ်။ ကျွန်တော်တို့အလုံမှာ လျှပ်စစ်ရှော့ခ်ဖြစ်ပြီးတော့ လူသေတဲ့ကိစ္စ။ ဒါဟာမိုးရွာတယ်။ ရေတွေတက်လာတယ်။ တက်လာတာကတော့ မြို့ထဲကရေတွေအောက်မဆင်းဘူး။ အောက်ထပ်တွေ ရေမြုပ်သွားတယ်။ အဲ့ဒီမှာ လျှပ်စစ်နဲ့ရေနဲ့ထိပြီးတော့ တစ်အိမ်ထဲမှာ အဖွားကြီးတစ်ယောက်၊ မိန်းကလေးတစ်ယောက် မိသားစုသုံးယောက်သေသွားပါ

တယ်။ အဲ့ဒီတော့ ကျွန်တော်တို့က လျှပ်စစ်အန္တရာယ်ရှိတဲ့ကိစ္စတွေကို ဆောင်ရွက်ပေးဖို့ပြောတာပါ။ စောစောကလို ဘတ်ဂျက်တစ်နှစ် တစ်နှစ်မှ ဓာတ်တိုင်တွေလဲတာ၊ သံတိုင်တွေလဲတာ သံတိုင်ဖြစ်စေ၊ သစ်သားတိုင်ဖြစ်စေ ဘာတိုင်ပဲဖြစ်ပါစေ ကျွန်တော်တို့က အဓိကတော့ မကောင်းတဲ့ဟာတွေကိုလဲ ပေးဖို့အတွက်ဖြစ်ပါတယ်။ ဘယ်ဘတ်ဂျက်နှစ်မှာလုပ်တာလို့၊ မလုပ်တာလို့ဆိုတာထက် အန္တရာယ်ရှိလာတာနဲ့ ချက်ချင်းဆောင်ရွက်ရန်အတွက် ကျွန်တော်ကအခု မိုးမကျမီ အစီအစဉ်ရှိ/မရှိ ဆိုတာမေးတာဖြစ်ပါတယ်။ အဲ့ဒီတော့ အန္တရာယ်ရှိတဲ့ကိစ္စတွေကို အန္တရာယ်ရှိသလို အရေးကြီးရင် အရေးကြီးသလို လုပ်ပေးနိုင်မှုရှိ/မရှိ အဲ့ဒါသိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခုနက လွှတ်တော်ကိုယ်စားလှယ်တော်ကြီးအမိန့်ရှိသလို ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးအဖွဲ့အနေနဲ့ အရေးပေါ်အန္တရာယ်ရှိတဲ့ကိစ္စတွေမှာ ပေါ်ပေါက်လာလို့ရှိရင် အရေးပေါ်အနေနဲ့ ကျွန်တော်တို့ဆောင်ရွက်ပေးသွားဖို့ ကျွန်တော်တို့ဆက်လက်ဆောင်ရွက်သွားပါ့မယ်။ ဒီနေရာမှာမိုးမကျမီ ဆောင်ရွက်ရမည့်လုပ်ငန်းကိုလည်း ကျွန်တော်တို့ တတ်နိုင်သလောက် ရန်ပုံငွေရှိတဲ့ထဲက နေပြီးတော့မှစိစစ်ပြီး ဆောင်ရွက်ပါမယ်။ ရှော့ခ်ဖြစ်ပြီးလူသေတဲ့ကိစ္စမှာ အပိုင်း ၂ ပိုင်းရှိကြောင်းတင်ပြအပ်ပါတယ်။ ခုနက ဆာဗစ်ကြိုးပေါက်လို့ ဖြစ်တာတွေကိုတော့ ကျွန်တော်တို့အနေနဲ့ အိမ်ရှင်တွေကို လိုက်ပြီးတော့မှ ဒီဆားဗစ်ကြိုးလဲလှယ်ပေးဖို့ကို ကျွန်တော်တို့ တစ်တိုင်းပြည်လုံး ရန်ကုန်မှာရော နယ်တွေမှာရော ဆောင်ရွက်လျက်ရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့်တော့ ကျွန်တော်တို့ ၆၀ ရာခိုင်နှုန်းကျော်လောက် ရန်ကုန်မှာလဲပြီးတော့ နယ်တွေမှာတော့ ကျွန်တော်တို့ ၇၀ ရာခိုင်နှုန်းလောက်တော့လဲပြီးပါပြီ။ ဒီကိစ္စကိုလည်း ဒါတွန်းအားပေးပြီးတော့မှ ဆက်လက်ဆောင်ရွက်သွားပေးပါ့မယ်။ အိမ်တွင်းမှာ ဝါယာရှော့ခ်ဖြစ်တဲ့ကိစ္စကတော့ ကျွန်တော်တို့ ကာယကံရှင်မီးသုံးသူတွေရဲ့ ဆောင်ရွက်ရမည့် တာဝန်ဖြစ်ပြီးတော့မှ ဒီမိမိတို့ရဲ့အိမ်တွင်းမှာ လျှပ်စစ်ကျွမ်းကျင်သူတွေနဲ့ ပြန်လည်စစ်ဆေးပြီး ဆောင်ရွက်သွားမယ့်ကိစ္စဖြစ်ပါကြောင်းနဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ခုနကလို အရေးပေါ်ဆောင်ရွက်ရမယ့်ကိစ္စတွေကိုတော့ ကျွန်တော်တို့အနေနဲ့ အတတ်နိုင်ဆုံးဆောင်ရွက်သွားမှာဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။

## တရားစီရင်ရေး၊ ဥပဒေရေးရာနှင့်တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေး ကော်မတီကတင်သွင်းသည့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေး ကော်မတီကတင်သွင်းသော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ ၁၉-၂-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၄-၂-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ လိုအပ်က ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၁၈ ချက်အား ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေ

မှ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက် ၁၈ ချက်အား အဆိုပြု တင်ပြသွားမှာဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၁ အမှတ်စဉ် ၁ ဥပဒေ ခေါင်းစီး၊ အမှတ်စဉ် ၂ ပုဒ်မ ၁၊ အမှတ်စဉ် ၃ ပုဒ်မ ၂၊ အမှတ်စဉ် ၄ ပုဒ်မ ၃၊ အမှတ်စဉ် ၅ ပုဒ်မ ၄၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၂ အမှတ်စဉ် ၆ ပြင်ဆင်ပြီးပုဒ်မ ၄၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၃ အမှတ်စဉ် ၇ ပုဒ်မ ၁၀၊ အမှတ်စဉ် ၈ ပုဒ်မ ၁၁၊ အမှတ်စဉ် ၉ ပုဒ်မ ၁၂၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၄ အမှတ်စဉ် ၁၀ ပုဒ်မ ၁၃၊ အမှတ်စဉ် ၁၂ ပုဒ်မ ၁၅၊ အမှတ်စဉ် ၁၃ ပုဒ်မ ၁၆၊ အမှတ်စဉ် ၁၄ ပုဒ်မ ၁၇၊ အမှတ်စဉ် ၁၅ ပုဒ်မ ၁၈၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၅ အမှတ်စဉ် ၁၆ ပုဒ်မ ၁၉၊ အမှတ်စဉ် ၁၇ ပြင်ဆင်ပြီးပုဒ်မ ၆၊ စာမျက်နှာ ၆ အမှတ်စဉ် ၂၁ ပုဒ်မ ၂၁၊ အမှတ်စဉ် ၂၂ ပုဒ်မ ၂၂၊ အထက်ဖော်ပြပါ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၁၈ ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထား သိလိုပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံကြပါစေလို့ ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ဥပဒေကြမ်းကော်မတီကနေ တင်ပြသွားတဲ့ ပြင်ဆင်ချက်တွေနဲ့ပတ်သက်လို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ဌာနက သဘောတူကြောင်း ပြန်လည်တင်ပြပါတယ်။ လွှတ်တော်က ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်အတည် ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကန့်လန့်ဖြတ်ဇယားကို အသုံးပြုပါမယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၄ အမှတ်စဉ် ၁၁ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်မှ အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ရှင်။ ကျွန်မအနေနဲ့ စာမျက်နှာ ၄ အမှတ်စဉ် ၁၁ အပိုဒ် ၁၄ မှာပါတဲ့ အခန်း (၅) ပုဒ်မ ၁၂ ပုဒ်မခွဲ(ဃ) ကို ကျွန်မအနေနဲ့ အစားထိုးပြင်ဆင်မှာဖြစ်ပါတယ်။ မူလက ပုဒ်မ ၁၂ ရဲ့ ပုဒ်မခွဲ(ဃ) မှာဆိုလို့ရှိရင် ခွင့်ပြု မိန့်ရုပ်သိမ်းခြင်းခံရပါက ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ လူစုခွဲရမည်လို့ပါဝင်ပြီးတော့ ကျွန်မတို့ အဆိုပြုပြင်ဆင်ချက်မှာတော့ ဤဥပဒေအခန်း(၅) ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂ ပါစည်းကမ်းချက် များကို လိုက်နာခြင်းမရှိပါက ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ လူစုခွဲရမည်ဟု စကားရပ်နဲ့ အစားထိုး ထားပါတယ်။ ဒါကို ကျွန်မအနေနဲ့ ပြင်ဆင်မှာကတော့ အခန်း(၅) ပုဒ်မ ၁၂ ပုဒ်မခွဲ(ဃ) အား ငြိမ်းချမ်း စွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(ဃ)အား အောက်ပါ အတိုင်းအစားထိုးမည်ဟု ပြင်ဆင်ပါတယ်။ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ(ည)အထိပါ စည်းကမ်း ချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိ၍ ခွင့်ပြုချက်ရုပ်သိမ်းခြင်းခံရပါက ဆက်လက်ဆောင်ရွက်ခြင်း မပြုဘဲ လူစုခွဲရမည်ဟုပြင်ဆင်ခြင်းဖြစ်ပါတယ်။ ပြင်ဆင်ရတဲ့အကြောင်းရင်းကတော့ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ဟာ မူလဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက် ပုဒ်မ ၈ နှင့် ဖော်ပြချက်ကို ပြန်လည်ပြီးတော့ စည်းကမ်း သတ်မှတ်ထားချင်တာပဲဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ပုဒ်မ ၁၂ မှာ ပုဒ်မခွဲ(ဃ)ကို ပုဒ်မခွဲ(က) မှ ပုဒ်မခွဲ(ည)အထိပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိ၍ ခွင့်ပြုချက်ရုပ်သိမ်းခြင်းခံရပါက ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ လူစုခွဲရမည်ဟုပြင်ဆင်ခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ပြည်ထဲရေးဝန်ကြီးဌာန အနေနဲ့ ကန့်ကွက်ရန်မရှိပါဘူး။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်ရဲ့ အဆိုပြုချက်ကို ဥပဒေကြမ်းကော်မတီက သော်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနသော်လည်းကောင်း ကန့်ကွက်ရန်မရှိကြောင်းပြောပါ တယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၅ အမှတ်စဉ် ၁၈ ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ စာမျက်နှာ ၅ အမှတ်စဉ် ၁၈ မှာ မူလပြင်ဆင်တဲ့ဥပဒေကြမ်းရဲ့ ပုဒ်မ ၂၀ မှာ အခန်း(၇) မှ ပုဒ်မ ၁၈ အား ပယ်ဖျက်ရမည်ဟုဖော်ပြခဲ့ပါတယ်။ ဥပဒေကြမ်းကော်မတီအနေဖြင့် ပုဒ်မ ၁၈ ကို ပယ်ဖျက်ရန်မသင့်လျော်သေးကြောင်း၊ သို့သော်လည်း ပြစ်ဒဏ်ကိုမူ လျှော့ပေါ့ပေးရန် သဘောထားရရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေပုဒ်မ ၁၈ တွင်ပါရှိသော တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဆိုသည့်စကားရပ်ကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဟူသည့်စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့အဆိုနှင့်အပြိုင် ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်က အဆိုပြုထားတာရှိပါတယ်။ ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်က ဆက်လက်အဆိုပြုချက်တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အမှတ်စဉ် ၁၈ ပုဒ်မ ၇ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေပုဒ်မ ၁၈ မှာပါရှိတဲ့ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေဆိုတဲ့ နဂိုမူလရှိခဲ့တဲ့ ပြစ်မှု၊ ပြစ်ဒဏ်ကို ဖြုတ်ခိုင်းခဲ့တာဖြစ်ပါတယ်။ အဲဒီနေရာမှာ ဒဏ်ငွေ ဒဏ်ကိုမဖြစ်မနေထည့်ရမယ်ဆိုရင် ဒဏ်ငွေသာထည့်လိုတဲ့ ရည်ရွယ်ချက်နဲ့ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်မဆောင်ပါက ထောင်ဒဏ်တစ်လချမှတ်ရမည်ဆိုတဲ့ စကားရပ်ဖြင့် အစားထိုးခဲ့တာဖြစ်ပါတယ်။ ဒီလို အစားထိုးခဲ့တဲ့ အနေအထားမှာ ကျွန်တော်တို့ ဒီပုဒ်မ ၁၈ ဟာ နိုင်ငံနှင့်အဝှမ်းမှာ ပုဒ်မ ၁၈ ရုပ်သိမ်းပေးဖို့ဆိုတဲ့ အနေအထားနဲ့ ပြည်သူတွေဆန္ဒပြုနေကြတာတွေ၊ ဆန္ဒပြနေကြတာတွေတွေ့ရပါတယ်။ ပုဒ်မ ၁၈ ကိုပထမလွှတ်တော်သို့ တင်လာစဉ်က ပုဒ်မ ၁၈ ကိုဖြုတ်သိမ်းတဲ့ အနေအထားမျိုးနဲ့ ပြင်ဆင်လာတာတွေ့ရပါတယ်။ နောက်ထပ်မံပြင်ဆင်တဲ့အနေအထားမှာ ပြစ်မှု၊ ပြစ်ဒဏ်ပါလာတဲ့အနေအထားမျိုးထပ်တွေ့ရပါတယ်။ အကယ်၍ မလွှဲမရှောင်သာ ပြစ်မှု၊ ပြစ်ဒဏ်တွေထည့်ကြရမယ်ဆိုပါလျှင် ဒဏ်ငွေကိုပဲထည့်စေလိုတဲ့ ဆန္ဒနဲ့ပြင်ဆင်ခြင်းဖြစ်ပါတယ်။ အကယ်၍ ဒဏ်ငွေမဆောင်တဲ့သူများ ရှိခဲ့တဲ့ကိစ္စတွေရှိခဲ့ပါတယ်။ အဲဒီအတွက် ဒဏ်ငွေမဆောင်ရင်တော့ ဥပဒေလေးစားလိုက်နာမှု ထောင်ဒဏ်တစ်လ

အထိချမှတ်ရခြင်းဖြစ်ပါတယ်။ ဒီပုဒ်မ ၁၈ ဟာ ငြိမ်းချမ်းစွာစုဝေးလှည့်လည်ခွင့်အတွက် ခွင့်ပြုချက်မရလို့ ခွင့်ပြုချက်မတင်ဘဲနဲ့ ဆန္ဒပြတဲ့သူတွေဖြစ်ပါတယ်။ ဒီဆန္ဒပြတဲ့သူတွေဟာ ခွင့်ပြုချက်ယူရမယ့်ကိစ္စကိုမသိဘဲနဲ့ ဆန္ဒပြတဲ့သူတွေလည်းရှိတတ်ပါတယ်။ အဲဒီတော့ အခုလက်ရှိ တောသူတောင်သားတွေနဲ့ ဆင်းရဲသားတွေ၊ လယ်သမားတွေအနေနဲ့ ဆန္ဒပြတဲ့အခါမှာ ဒီလိုမျိုး ခွင့်ပြုချက်ယူရမယ်ဆိုတာမသိတဲ့အတွက် သူတို့တွေကို ပုဒ်မအများကြီး တပ်ခံရတာဖြစ်ပါတယ်။ အဲဒီလိုမျိုးဖြစ်တဲ့အတွက် ဒီဒဏ်သည် ဘယ်သူတွေကိုဆောင်ရမှာလဲဆိုရင် ဒီဒဏ်သည် ပြစ်မှုပြစ်ဒဏ်ခံရပါက ဆင်းရဲသားတွေနဲ့ မသိနားမလည်တဲ့သူတွေအတွက် ဖြစ်တဲ့အတွက် ဒီဒဏ်ငွေကို ပြစ်မှု၊ ပြစ်ဒဏ်ကိုလျှော့ထားသင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ အဲဒီလိုထင်မြင်ယူဆ၍ ဒဏ်ငွေနှင့် ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ်တစ်လချမှတ်ရမည်ဟု ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ပြင်ဆင်ချက်အဆိုကို လွှတ်တော်မှလက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာမျက်နှာ ၅ အမှတ်စဉ် ၁၈ က ဥပဒေကြမ်းကော်မတီက အဆိုပြုထားသလို ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်ကလည်း အဆိုပြုထားပါတယ်။ ဒါကြောင့် ဒီအဆိုနှစ်ခုအနက် ဥပဒေကြမ်းကော်မတီရဲ့အဆိုကို မူတည်ပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုမှာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေပုဒ်မ ၁၈ တွင်ပါသော တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဆိုသည့်စကားရပ်ကို ခြောက်လထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည်ဟုဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။ စက်ခလုတ်ဖြင့် ဆန္ဒရယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်ပြန်တင်ပြပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုကိုမူတည်ပြီး အဆုံးအဖြတ်ခံယူမှာဖြစ်ပါတယ်။ အဆိုမှာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေပုဒ်မ ၁၈ တွင်ပါသော တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဆိုသည့်စကားရပ်ကို ခြောက်လထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည်ဟုဆိုသည့်စကားရပ်ဖြင့် အစားထိုးရမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုကို ထောက်ခံရင် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အတည်ဖြစ်မှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်မှာမဟုတ်ဘဲနဲ့ ဦးခိုင်မောင်ရည်ရဲ့ အဆိုပြုချက်အတည်ဖြစ်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးရန် အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံဆန္ဒမဲ ၂၃၅၊ ကန့်ကွက်ဆန္ဒမဲ ၄၃၊ ကြားနေ ၄ ဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၆ အမှတ်စဉ် ၁၉ ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြုချက်တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် ၁၉ နှင့်ပတ်သက်ပြီး ပြင်ဆင်ချက်အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ မူလပြင်ဆင်သည့်ဥပဒေကြမ်းမှာ ပုဒ်မ ၁၉ ကို ပြင်ဆင်သည့်ဥပဒေကြမ်းမပါရှိခဲ့ပါ။ သို့သော် ဥပဒေကြမ်းကော်မတီအနေဖြင့် ပုဒ်မ ၁၈ မှာ ထောင်ဒဏ်တစ်နှစ်ကို ထောင်ဒဏ်ခြောက်လလို့ လျှော့ပေါ့ပေးခဲ့တဲ့အတွက် အထက်ပါပုဒ်မ ၁၈ နဲ့ ဆီလျော်မှုရှိစေရန်အတွက် အောက်ပါအတိုင်း အဆိုပြုတင်ပြသွားမှာဖြစ်ပါတယ်။

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာဥပဒေပုဒ်မ ၁၉ တွင်ပါရှိသော ခြောက်လထက်မပိုသော ထောင်ဒဏ်ဆိုသည့်စကားရပ်ကို တစ်လထက်မပိုသော ထောင်ဒဏ်ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟုပြင်ဆင်ချက်အား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည် ဆက်လက်၍ မိမိအဆိုကိုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဒီပြင်ဆင်ချက်အဆိုအား ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ တွင်ပါရှိတဲ့ ခြောက်လထက်မပိုသော ထောင်ဒဏ်ဆိုသည့်စကားရပ်အစား ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်မဆောင်ပါက ထောင်ဒဏ် တစ်လချမှတ်ရမည်ဟုပြင်ဆင်အစားထိုးခဲ့တာဖြစ်ပါတယ်။ ပြင်ဆင်ရတဲ့အကြောင်းကတော့ ဆန္ဒပြစဉ်မှာ အခြားတစ်စုံတစ်ရာစည်းကမ်းအရ အရေးယူခံရတဲ့ ကိစ္စဖြစ်ပါတယ်။ အဲဒီလို အရေးယူခံရတဲ့အခါမှာ အရေးယူမှုဟာ အသေးလေးကနေ အကြီးကြီးထိရှိပါတယ်။ အကယ်၍ အသေးစားကိစ္စရပ်တွေကိုလည်း ပဲ ခြောက်လထက်မပိုတဲ့ ထောင်ဒဏ်နှင့် ချခံရမယ်။ အော်ဟစ်မိလို့ အော်ဟစ်တဲ့အသံကို နှောင့်ယှက်တဲ့အသံလိုသတ်မှတ်ပြီးတော့မှ ထောင်ချမယ်ဆိုလည်းရတဲ့အနေအထားဖြစ်ပါတယ်။ အကယ်၍ ပြည်သူပိုင်ပစ္စည်းတွေကို ဖျက်ဆီးလိုက်လို့ နိုင်ငံသားတစ်ဦးဦးကို နှောင့်ယှက်မိလို့ဆိုရင် အခြားပြစ်မှု၊ ပြစ်ဒဏ်တွေလည်း ထပ်ပြီးတော့မှ အရေးယူမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီဥပဒေဟာ အထူးဥပဒေဖြစ်တဲ့အတွက် အထူးဥပဒေထဲမှာ အကျုံးဝင်တဲ့အနေနဲ့ ပြစ်မှု၊ ပြစ်ဒဏ်ကို လျှော့ပေါ့တဲ့ပြစ်ဒဏ်နဲ့ ပေးစေလို

တဲ့အတွက် ဤကဲ့သို့ ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ပြင်ဆင်ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူရင်းဥပဒေ အခန်း(၇) ပုဒ်မ ၁၉ နှင့်စပ်လျဉ်းပြီး အတည်ပြုဆုံးဖြတ်နိုင်ရန် လွှတ်တော်ရဲ့ ဆန္ဒရယူမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို စက်ခလုတ်အသုံးပြီး ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့အညီ ဆောင်ရွက်မှာ ဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီနှင့် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် တင်သွင်းသွားတဲ့ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး မဲခွဲဆုံးဖြတ်တဲ့နေရာမှာ ဥပဒေကြမ်းကော်မတီရဲ့ အဆိုကိုမူတည်ပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။ ထောက်ခံသူများပါက ဥပဒေကြမ်းကော်မတီပြင်ဆင်ချက် အဆိုအတည်ဖြစ်မှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုမှာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေပုဒ်မ ၁၉ တွင်ပါသော ခြောက်လထက်မပိုသော ထောင်ဒဏ်ဆိုသည့်စကားရပ်ကို တစ်လထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဖြစ်ပြီး ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံဆန္ဒမဲ ၂၄၉၊ ကန့်ကွက် ၃၁၊ ကြားနေ ၄ မဲဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၆ အမှတ်စဉ် ၂၀ အသစ်ဖြည့်ခြင်း ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဒီအသစ်ဖြည့်စွက်ချက်တင်ရတဲ့အကြောင်းရင်းကတော့ အခုနက ဦးခိုင်မောင်ရည် တင်သွင်းထားတဲ့ပြင်ဆင်ချက် အနှစ်သာရနဲ့ အတူတူပါပဲ၊ ဘာလဲဆိုတော့ အခုအချိန်မှာ ကျွန်တော်တို့ လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးတွေကို ဥပဒေနဲ့ကာကွယ်တဲ့နေရာမှာ အခုဖြစ်ပျက်နေတဲ့အခြေအနေအရ အစွန်းတရားနှစ်ပါးကို ရှောင်ကြဉ်တာ ဒါကဘာလဲဆိုတော့ စတင်ပြစ်မှုကျူးလွန်လာမယ့် ထောင်ဒဏ်ပေးလိုက်မယ့်ဟာမျိုးလည်း မလုပ်စေချင်ဘူး။ လုံးဝပယ်ဖျက်လိုက်ရင်လည်း ထိန်းချုပ်ဖို့အတွက် ခက်ခဲမယ့်အခြေအနေတွေရှိပါတယ်။ အဲ့ဒါကြောင့် ပထမအကြိမ် ကျူးလွန်တဲ့သူတွေကို ဥပဒေကြမ်းကော်မတီနဲ့ဆွေးနွေးတဲ့အခါတုန်းက ကျွန်တော်တင်ခဲ့တာက တစ်သိန်းမှ သုံးသိန်းအထိ ချမှတ်ဖို့၊ ငွေဒဏ်မဆောင်နိုင်မှသာ ထောင်ဒဏ်သုံးလပေးဖို့ သဘောကတော့ ကျွန်တော်က ထောင်ဒဏ်ကို စစချင်းမသုံးစေချင်ဘူး။

ဒါကြောင့် ဒုတိယအကြိမ် ပုဒ်မ ၁၈ ပြဋ္ဌာန်းချက်ကို ထပ်မံကျူးလွန်မယ်ဆိုရင်တော့ ခြောက်လထက် မပိုတဲ့ထောင်ဒဏ်၊ ငွေဒဏ်၊ ဒဏ်နှစ်ရပ်စလုံးချမှတ်ဖို့ဆိုပြီးတော့ အခုအကူးအပြောင်းကာလနှင့် အသင့်တော်ဆုံးပေါ့။ ပထမအကြိမ် ပညာပေးတဲ့သဘော၊ ဒုတိယအကြိမ် ထိရောက်တဲ့ဟန့်တားမှုပေါ့။ သို့သော် အခု လွှတ်တော်အတွင်းမှာ စက်ခလုတ်မဲခွဲလိုက်တဲ့အခါမှာ ဦးခိုင်မောင်ရည်ရဲ့အဆိုက အရေးနိမ့်သွားတော့ ကျွန်တော့်ရဲ့ ဒုတိယအကြိမ်ဟာ ထပ်ပြီးတော့ တင်စရာမလိုတော့ပါဘူး။ ဘာလဲ ဆိုရင် ဥပဒေကြမ်းကော်မတီက ခြောက်လဆိုတာထည့်ထားပြီးဖြစ်ပါတယ်။ ဒီဟာ ဒီလွှတ်တော် ကလည်း အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ စက်ခလုတ်သုံးစရာလည်းမလိုတော့ပါဘူး။ ကျွန်တော့်ရဲ့အသစ်ဖြည့်စွက်ချက်ကို ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ လွှတ်တော်ကို တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သယံဇာတနယ်က အဆိုပြန်ရုပ်သိမ်းသွားတဲ့အတွက် အသစ်ဖြည့်စွက်ခြင်းအား အတည်မဖြစ် ပယ်ဖျက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေးကော်မတီက တင်သွင်းသော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေ ကြမ်းကော်မတီနဲ့ ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါ တယ်။ ဒါကြောင့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင် သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တရား စီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေးကော်မတီက တင်သွင်းသော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်

သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၄၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို နေ့လယ် ၁၂း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]